# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့မှတ်တမ်း

**၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်**

**(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၆၄ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေစုစုပေါင်းရဲ့ ၈၅.၄၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၅-၇-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ အစည်းအဝေးမတက်ရောက်နိုင်ပါ၍ ခွင့်ပန်ကြားသောကိုယ်စားလှယ်များကိုယ်စား လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးအောင်ဆန်းမှ စုစည်းတင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၄၂၆ ဦး တက်ရောက်သူ ၃၆၄ ဦးရှိပြီး ခွင့်ပန်ကြားထားသူ ၆၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားထားသူ ၆၂ ဦးအနက် ၄၂ ဦးမှာ ယခင်က ခွင့်ပန်ကြားထားပြီး ယနေ့ခွင့်ပန်ကြားသူမှာ ၂၀ ဦးဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၂) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၃) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၅) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၆) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၁ ရက်၊

(၇) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၈) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၁ ရက်၊

(၉) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၁၀) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၉ ရက်၊

(၁၁) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ခွင့် ၁ ရက်၊

(၁၂) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

(၁၃) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက်၊

(၁၄) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၁ ရက်၊

(၁၅) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၁ ရက်၊

(၁၆) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းဝင်း ခွင့် ၁ ရက်၊

(၁၇) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၁၈) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၁ ရက်၊

(၁၉) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၁ ရက်နှင့်

(၂၀) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ စုစုပေါင်း ၂၀ ဦးတို့အား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ လာရောက်လေ့လာသူများစာရင်း လွှတ်တော်ကို အသိပေး တင်ပြပါမယ်။ တပ်မတော်ကြည်း၊ ရေ၊ လေမှ ထူးချွန်ကျောင်းသား ကျောင်းသူ၊ ကျောင်းသားမိဘ၊ ဆုရ စစ်သည်၊ တပ်မတော်အထက်တန်းကျောင်း ကျောင်းအုပ်၊ တပ်မတော်ပညာရေးကျောင်း တပ်မှူးနှင့် အရာရှိများနှင့်အဖွဲ့ စုစုပေါင်း ၄၂၅ ဦး တက်ရောက်လေ့လာလျက်ရှိပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှ စတင်ပြီး လွှတ်တော်များရဲ့ လုပ်ငန်းဆောင်တာများကို ပြည်သူများ၊ အသင်းအဖွဲ့အစည်းများ၊ အခုဆိုရင် တပ်မတော်သားများနှင့် ကျောင်းသူ ကျောင်းသား များ လာရောက်လေ့လာမှုများဟာ ပို၍ ပို၍ ရောက်ရှိလာတာတွေ့ရမှာ ဖြစ်ပါတယ်။ ဒီဟာလည်း မိမိ တို့နိုင်ငံ ဒီမိုကရေစီစနစ်ပြုပြင်ပြောင်းလဲရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ အမွေကောင်း၊ အခြေအနေကောင်းများကို တင်ပြနိုင်တဲ့ အခွင့်အလမ်းများ မိမိတို့လွှတ်တော်များမှာ ရရှိထားတာ ဖြစ်ပါတယ်။ အမှန်အတိုင်းဝန်ခံပြောဆိုရမယ်ဆိုရင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ အထင်ရှားဆုံး သောပေါ်ထွက်လာတာကတော့ လွှတ်တော်များပင် ဖြစ်ပါတယ်။ ပေါ်ပေါက်လာတဲ့ လွှတ်တော်များဟာ ဒီနေ့ အခြားခြားသော ဒီမိုကရေစီနိုင်ငံများမှ ပြောဆိုနေကြတဲ့ လွှတ်တော်များဟာ အဲ့ဒီနိုင်ငံများရဲ့ အသက်ဝိညာဉ်ဖြစ်တယ်၊ အသက်သွေးကြောဖြစ်တယ်။ ဒါကြောင့်မို့လို့ လွှတ်တော်များ အခန်းကဏ္ဍ ကို မှန်မှန်ကန်ကန် မြှင့်တင်ဖို့လိုတယ်။ လွှတ်တော်ရဲ့လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက် နိုင်ဖို့လိုတယ်ဆိုတဲ့ အသိများဟာလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အသီးသီးထံ ရောက်ရှိ ပြီး ဖြစ်ပါတယ်။ ထို့နည်းတူစွာပဲ လွှတ်တော်တွေ ဘယ်လိုဖွဲ့စည်းထားတယ်။ လွှတ်တော်တွေ ဘယ်လို လုပ်ငန်းတာဝန်ထမ်းဆောင်နေတယ်။ အဲလိုထမ်းဆောင်တဲ့နေရာမှာ ဘယ်လိုပြုမူပြောဆိုဆက်ဆံ

တယ်ဆိုတာကို အခုလိုလာရောက်လေ့လာကြတဲ့ ပြည်သူများရဲ့ရှေ့မှောက်မှာ မိမိတို့ ဆောင်ရွက်ခြင်းသည်မိမိတို့နိုင်ငံက လိုလားဆောင်ရွက်နေကြတဲ့ ပါတီစုံဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးစနစ်အတွက် များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့လွှတ်တော်အနေနဲ့ ပြည်သူများရဲ့ ဝေဖန်အကြံပေးမှု၊ သတင်းမီဒီယာများရဲ့ ဝေဖန်အကြံပေးမှုများကို အမြဲတမ်းလက်ခံစောင့်မျှော်နေတဲ့ အတွက် အခုလို လာရောက်လေ့လာကြတဲ့ မည်သူမဆို မိမိတို့လွှတ်တော်ဘက်က လက်ကမ်းကြိုဆိုပြီး လာရောက်လေ့လာသူများရဲ့ အကြံဉာဏ်များကိုလည်း လက်ခံထားကြောင်း လက်ခံလျက်ရှိကြောင်း လွှတ်တော်မှ တစ်ဆင့် သက်ဆိုင်ရာများကို အသိပေးပြောကြားလိုပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခုဆက်လက်ပြီး အစီအစဉ် ၅ ကို ဆက်လက်ဆောင်ရွက်ပါမယ်။

**လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့ရှိ ခိုလန်မြို့နယ်ခွဲ သို့မဟုတ် မြို့တစ်မြို့ မြို့တွင် စီးပွားရေးဇုန်၊ စက်မှုဇုန်တည်ထောင်ပေးပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမဦးစွာ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုကိုယ်စား မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်သည် မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ဖြစ်ပါတယ်။ ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု၏ ကိုယ်စား လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့ရှိ ခိုလန်မြို့နယ်ခွဲ သို့မဟုတ် မြို့တစ်မြို့ မြို့တွင် စီးပွားရေးဇုန်၊ စက်မှုဇုန် တည်ထောင်ပေးပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့သည် ဖွံ့ဖြိုးတိုးတက်မှုနှုန်းအလွန်နှေးကွေးလျက်ရှိပြီး ဆင်းရဲနွမ်းပါးသူများပြားလှပါသည်။ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများမရှိသဖြင့် စားဝတ်နေရေးဖြည့်တင်းရန် တစ်ဖက်နိုင်ငံသို့ သွားရောက်၍ အလုပ်လုပ်ကိုင်နေရသောကြောင့် နိုင်ငံတော်၏ အရင်းအမြစ်များလည်း များစွာဆုံးရှုံးနစ်နာနေရပါသည်။ ၎င်းတို့မှာလည်း တစ်ဖက်နိုင်ငံတွင် သူများမလုပ်ချင်သော အလုပ်ကို လုပ်ကိုင်နေရသည့်အပြင် လူကုန်ကူးမှုကိုလည်း များစွာခံစားတွေ့ကြုံနေရပါသည်။ ဒေသခံပြည်သူများမှာ မိမိတို့၏ ဒေသတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်နှင့်

အလုပ်အကိုင် အခွင့်အလမ်းများရရှိရန်အတွက် စီးပွားရေးဇုန်၊ စက်မှုဇုန်များတည်ထောင်ပေးရန် လိုလားလျက်ရှိပါသည်။ လွိုင်လင်ခရိုင်နှင့်လင်းခေးခရိုင်တို့တွင် ကောက်ညှင်းစပါး၊ မြေပဲ၊ ပြောင်း၊ နှမ်း၊ ပဲပုတ်စေ့၊ ကြံတို့ထွက်ပါသည်။ ထို့အပြင် ရှောက်ချိုသီး၊ နာနတ်သီးနှင့် သံပုရာသီးတို့လည်း ထွက်ပါသည်။ ရော်ဘာလည်းစိုက်ပျိုး၍ရသည်အပြင် ရှမ်းစက္ကူ ခေါ် မှိုင်းခံစက္ကူပြုလုပ်နိုင်သော လျှော်ပင်တစ်မျိုးလည်းရှိပါသည်။ ရှမ်းစက္ကူမှာ မီးပုံးပျံပြုလုပ်ရာတွင်လည်းကောင်း၊ စာများရေးသား ရာတွင်လည်းကောင်း အသုံးပြုကြပါသည်။ ဂျပန်နိုင်ငံက အဆိုပါရှမ်းစက္ကူကို စိတ်ဝင်စားနေကြောင်း၊ အဆင့်မြင့်၍ ပြုလုပ်လျှင် ဈေးကွက်ဝင်ကြောင်းကိုလည်း သိရှိရပါသည်။ နွားမွေးမြူရေးလည်း အောင်မြင်ကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ ထိုခရိုင်နှစ်ခုတွင် အရှေ့အလယ်ပိုင်းတိုင်း တည်ရှိရာ ခိုလန်မြို့နယ်ခွဲတွင် စီးပွားရေးဇုန်၊ စက်မှုဇုန်ပြုလုပ်ရန် သင့်လျော်ပါသည်။ ခိုလန်မြို့နယ်ခွဲ တွင် အရှေ့အလယ်ပိုင်းတိုင်းတည်ရှိပြီး လျှပ်စစ်မီး ၂၄ နာရီရရှိပါသည်။ ခုတင် ၁၀၀ ဆံ့ဆေးရုံ အထူးကုသမားတော်များနှင့် (က)အဆင့်ရှိ ရဲစခန်းရှိပါသည်။ ရိုးရိုးတည်းခိုခန်း ၂ ခုရှိပြီး ဟိုတယ် ဆောက်လုပ်ရန် လုပ်ငန်းများစတင်နေကြောင်းသိရှိရပါသည်။ ကျေးသီးမြို့နယ်တွင် ကျောက်မီးသွေး၊ မိုင်းဆတ်မြို့နယ်ခွဲတွင် ခနောက်စိမ်းနှင့် ဘိလပ်မြေထုတ်ရန် ကုန်ကြမ်းအမျိုးမျိုး၊ သတ္တုအမျိုးမျိုး လည်းထွက်ရှိပါသည်။ ရှေးဟောင်းယဉ်ကျေးမှုနယ်ပယ်များလည်းရှိပါတယ်။ လုပ်သားအင်အားများ စွာဖြည့်တင်းနိုင်သော အထည်ချုပ်လုပ်ငန်းလည်း ပြုလုပ်နေပါသည်ခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်လာပြီဖြစ်ပါသည်။ ခိုလန်မြို့နယ်၏ အရှေ့ဘက်တွင် မိုင်းရှူး၊ အနောက်ဘက်တွင် မိုးနဲနှင့် ကျိုင်းတောင်းမြို့ရှိပြီး၊ တောင်ဘက်တွင် ကွန်ဟိန်းမြို့နယ်နှင့် နမ့်စန်မြို့နယ်တို့ရှိပါသည်။ လွိုင်လင်-ပန်ကေတုမှ သီပေါသို့ သွားသောလမ်းမိုင် အရှည် ၁၄၄ မိုင်မှ တရုတ်နိုင်ငံသို့လည်းကောင်း၊ ခိုလန်မြို့နယ်ခွဲမှ တာချီလိတ်သို့ ၁၇၄ မိုင်မှ ထိုင်း နိုင်ငံသို့လည်းကောင်း ကူးသန်းရောင်းဝယ်မှုပြုလုပ်နိုင်ပါသည်။ ခိုလန်-မိုင်းရှူးမှတစ်ဆင့် ရှမ်းပြည် မြောက်ပိုင်းသို့လည်း သွားနိုင်ပါသည်။ နိုင်ငံတော်မှ အနည်းငယ်ဖြည့်တင်းပေးရုံဖြင့် စီးပွားရေးဇုန်၊ စက်မှုဇုန်များ အောင်မြင်စွာထူထောင်နိုင်မှာဖြစ်ပါတယ်။ ပြည်သူလူထုများကလည်း မိမိဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန် အထူးစိတ်ဝင်စားလျက်ရှိပါသည်။ သို့ပါသောကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါ သည်။ (၁) ရှမ်းပြည်နယ်တောင်ပိုင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် လွိုင်လင်ခရိုင်နှင့် လင်းခေး ခရိုင်တို့ရှိ ခိုလန်မြို့နယ်ခွဲ သို့မဟုတ် မြို့တစ်မြို့ မြို့တွင် စီးပွားရေးဇုန်၊ စက်မှုဇုန်တည်ထောင်ပေးနိုင်ပါ

မည်လားနှင့် မပြုလုပ်ပေးနိုင်ဟုဆိုပါက အဘယ်ကြောင့်ပါနည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လာရောက်လေ့လာကြသော ဧည့်သည်တော်များ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူဦးစီးဌာန ယခင်နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ ကုန်သွယ်မှုပမာဏ တိုးတက်ဖို့အတွက် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်စခန်းများဖွင့်လှစ်ပြီးတော့ ကုန်သွယ်မှုများဆောင်ရွက်လျက်ရှိပါတယ်။ အခုဆိုရင် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပြုတဲ့ နယ်စပ်စခန်းအရေအတွက်ဟာ နောက်ဆုံးဖွင့်လှစ်တဲ့ ထီးခီးစခန်းအပါအဝင် စုစုပေါင်းစခန်း ၁၅ ခု ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ အဲ့ဒီနယ်စပ်စခန်းတွေက ကုန်သွယ်မှုဆောင်ရွက်တဲ့အခါမှာ နှစ်စဉ် ကုန်သွယ်မှုပမာဏများ တိုးတက်ခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ၅၀၉ သန်းရှိခဲ့ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၇၅၄ သန်းအထိ တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဆက်လက်ပြီး တိုးတက်အောင်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီအနေအထားအရ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုမှာ ရှမ်းပြည်နယ်ဟာ အကျယ်ဝန်းဆုံးဖြစ်ပြီးတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေတဲ့ ပြည်နယ်ကြီးတစ်ခု ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နယ်စပ်ဒေသများမှာရှိတဲ့ ဒေသနေပြည်သူများ စီးပွားရေးလုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ဖို့ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအနေနဲ့ နှစ်နိုင်ငံနယ်နိမိတ်ချင်းထိစပ်နေတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ မူဆယ် ၁၀၅ မိုင်နယ်စပ်ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း၊ အခုဆိုရင် ချင်းရွှေဟော်နှင့် လားရှိုးကို ကတ္တရာလမ်းဖောက်တာ ၂၀၁၃ ခုနှစ်မှာပြီးသွားမှာ ဖြစ်ပါတယ်။ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းတို့၊ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ တာချီလိတ်နယ်စပ်

ကုန်သွယ်ရေးစခန်းတို့ ဖွင့်လှစ်ပြီးတော့ ကုန်သွယ်မှုပြုလုပ်လျက်ရှိပါ တယ်။ ဒါ့အပြင် ASEAN Framework Agreement on the Facilitation of Goods in Transit သက်ရောက်မယ့်လမ်းကြောင်းတွေကို ဒီသဘောတူစာချုပ်ရဲ့ Protocol 1 : Designation of Transit Transport Routes and Facilities မှာ မြန်မာနိုင်ငံလမ်းကြောင်းများအနေနဲ့ကတော့ တမူး-မန္တလေး-မိတ္ထီလာ-ဘုရားကြီး(ရန်ကုန်)-မြဝတီ ၁၆၆၅ ကီလိုမီတာရှိပါတယ်။ မိတ္ထီလာ-လွိုင်လင်-ကျိုင်းတုံ-တာချီလိတ် ၈၀၇ ကီလိုမီတာရှိပါတယ်။ ကျိုင်းတုံ-မိုင်းလား ၉၃ ကီလိုမီတာရှိပြီးတော့ မူဆယ်-မန္တလေး ၄၅၃ ကီလိုမီတာဖြစ်ပြီးတော့ ဒါ့အပြင် တောင်-မြောက်စီးပွားရေးစင်္ကြံကို စင်္ကြံခွဲ (Sub-Corridor) သုံးခုခွဲထားပါတယ်။ အနောက်ပိုင်းစင်္ကြံခွဲရှိ R3a လမ်းကြောင်းမှာ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှ ဂျင်ဟောင်းမြို့ကို ဖြတ်ပြီးတော့ မြန်မာနိုင်ငံ မိုင်းလားမှ တစ်ဆင့် ကျိုင်းတုံ၊ တာချီလိတ်ကိုဖြတ်ပြီး ထိုင်းနိုင်ငံ မယ်ဆိုင်က တစ်ဆင့် ဘန်ကောက်မြို့ထိ လမ်းပေါက်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအပိုင်းအနေနဲ့ တာချီလိတ်-မိုင်းလားလမ်းကြောင်းဟာ ၁၆၈ မိုင်ရှိပြီးတော့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ ကုန်ပစ္စည်းများနှင့် ထိုင်းနိုင်ငံက ကုန်ပစ္စည်းများကို Transit Trade ဆောင်ရွက်မယ့်လမ်းကြောင်းအနေအထားဟာ လာအိုနိုင်ငံမှဖြတ်ကျော်သွားမယ့် လမ်းကြောင်းထက် တိုတောင်းပြီးတော့ အချိန်ကုန်သက်သာပါတယ်။ အဲ့ဒီအတွက် အလားအလာကောင်းများ ရှိနေတာကို သုံးသပ်ရပါတယ်။ ဒါ့အပြင် Greater Mekong Subregion ပါဝင်နေတဲ့ ဒေသဖြစ်တဲ့အတွက် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ စတင်တဲ့အချိန်မှာ အကျိုးရှိလာနိုင်မယ့်အလားအလာရှိတာကို တွေ့ရပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့တင်ပြချက်အရ ခိုလန်မြို့နယ်ခွဲမှ တာချီလိတ်မြို့အထိ ၁၇၄ မိုင်သာကွာဝေးတယ်လို့ သိရတဲ့အတွက် အထက်ပါလမ်းကြောင်းတွေကို ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါတယ်။ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့မှာ ကောက်ညှင်းစပါး၊ မြေပဲ၊ ပြောင်း၊ နှမ်း၊ ပဲပုတ်စေ့၊ ကြံ၊ ရှောက်ချိုသီး၊ နာနတ်သီးနှင့် သံပုရာသီးတို့အပြင် ရော်ဘာလည်းစိုက်ပျိုးနိုင်ကြောင်းသိရတဲ့အတွက် တင်ပြပါဒေသထွက်ကုန်ပစ္စည်းတွေကို ဒေသတွင်းစားသုံးမှုဖူလုံပါက နယ်စပ်ဒေသကတစ်ဆင့် တစ်ဖက်နိုင်ငံကို တင်ပို့ကူးသန်းရောင်းဝယ်မှုပြုလုပ်နိုင်ပါတယ်။ မိမိတို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအနေနဲ့ ဒေသခံတိုင်းရင်းသားများ ရိုးရှင်းလွယ်ကူစွာကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နိုင်ဖို့အတွက် တစ်ဦးချင်းကုန်သွယ်မှု လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (Individual Trading Card) များ လာရောက်လျှောက်ထားပါက ထုတ်ပေးလျက်ရှိပါတယ်။ ဖွင့်လှစ်ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းတွေမှာ

ဆောင်ရွက်လို့ရနိုင်ပြီးဖြစ်တဲ့အတွက် အဲ့ဒီလို ဒေသထွက်ကုန်တွေကို တစ်ဖက်နိုင်ငံကို တင်ပို့ ရောင်းချတဲ့နေရာမှာ အနီးဆုံးကုန်သွယ်မှုလမ်းကြောင်းဖြစ်တဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းကတစ်ဆင့် တင်ပို့ရောင်းချကုန်သွယ်မှုပြုနိုင်ပြီဖြစ်ပါတယ်။ စက်မှုဇုန်အပိုင်းနှင့်ပတ်သက်လို့ တင်ပြရမည်ဆိုပါက မြန်မာနိုင်ငံမှာ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ဖို့အတွက် စက်မှုဇုန်များ ဖော်ထုတ်ခြင်းကို ၁၉၉၅ ခုနှစ်ကစတင်ဆောင်ရွက်ခဲ့ပါတယ်။ ယနေ့အထိ တိုင်းဒေသကြီး/ပြည်နယ် ၉ ခုမှာ စက်မှုဇုန် ၁၈ ဇုန် ဖော်ထုတ်ထားပြီး ဖြစ်ပါတယ်။ ထပ်မံပြီးတော့ စက်မှုဇုန် ၇ ဇုန်ကို ကရင်ပြည်နယ် ဘားအံမြို့၊ မြဝတီမြို့ နှင့် ဘုရားသုံးဆူ၊ မန္တလေးတိုင်း ရတနာပုံမြို့၊ နေပြည်တော် တပ်ကုန်းမြို့၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း မြို့၊ ရှမ်းပြည်နယ် နန်းအွန်မြို့တို့မှာ ထပ်မံတိုးချဲ့တည်ဆောက်ရန် စီစဉ်လျက်ရှိပါတယ်။ အဆိုပါ စက်မှုဇုန် ၇ ဇုန်အနက် ဘားအံမြို့မှာ စက်မှုဇုန်အချို့ တည်ဆောက်ပြီးစီးနေပြီလည်း ဖြစ်ပါတယ်။ ကျန်ဒေသများမှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ ဆောင်ရွက်ဆဲ အခြေအနေ လည်းဖြစ်ပါတယ်။ အဆိုပါစက်မှုဇုန်များအနက် ရှမ်းပြည်နယ်မှာ တောင်ကြီး(အေးသာယာ)စက်မှုဇုန် တစ်ခု ဖော်ထုတ်ထားပြီးဖြစ်တဲ့အတွက် ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိတဲ့ ဒေသခံပြည်သူများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိနေပြီလည်း ဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနရဲ့ ဖြေကြား ချက်အရ စက်မှုဇုန်တစ်ခုကို တည်ဆောက်မယ်ဆိုရင် အခြေခံလိုအပ်ချက်များဖြစ်တဲ့ ရေ၊ မီးရနိုင်မှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ ပြည်တွင်းပြည်ပလာရောက်ရင်းနှီးမြှုပ်နှံမှု၊ ဒေသတွင်း ကုန်ကြမ်းရရှိမှု၊ ဈေးကွက်နှင့်စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းမွန်မှု၊ တခြား သော စက်မှုဇုန်များနှင့် လွယ်လင့်တကူချိတ်ဆက်နိုင်မှုစတဲ့ လိုအပ်ချက်များ ပြည့်စုံမှုရှိ/မရှိကို ဦးစွာ လေ့လာသုံးသပ်ဆန်းစစ်သွားဖို့ လိုအပ်မှာလည်းဖြစ်ပါတယ်။ စက်မှုဇုန်တစ်ခုတည်ထောင်လုပ်ကိုင် ခြင်းဟာ ရေရှည်အကျိုးကို ရှေ့ရှုလုပ်ကိုင်ရတဲ့လုပ်ငန်းဖြစ်တဲ့အတွက် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု လုပ်ငန်းများမှာ ပြည်တွင်းပြည်ပဈေးကွက်များမှာ ယှဉ်ပြိုင်နိုင်စွမ်းနှင့် အခွင့်အလမ်းများရှိ/မရှိကို လည်းလေ့လာဆန်းစစ်သွားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အဲ့ဒီလို တည်ထောင်ခြင်းအားဖြင့် ဖြစ်ပေါ်လာနိုင်မယ့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဒုက္ခဆိုင်ရာ ပြဿနာများကိုလည်း ထည့်သွင်း စဉ်းစားဖို့လိုအပ်မှာဖြစ်ပါတယ်။ စက်မှုဇုန်တစ်ခုတည်ထောင်မယ်ဆိုရင် ရှမ်းပြည်နယ်အစိုးရရဲ့ အကူအညီရယူပြီးတော့ စက်မှုဇုန်တစ်ခုအဖြစ်သတ်မှတ်နိုင်ရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်သွားရမှာလည်း ဖြစ်ပါတယ်။ ဦးစီးအဖွဲ့နှင့် လုပ်ငန်းရှင်များပါဝင်တဲ့ စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီကို ဖွဲ့စည်းရမှာဖြစ်သလို လုပ်ငန်းရှင်များပါဝင်တဲ့ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းရမှာလည်း ဖြစ်ပါတယ်။ ဖွဲ့စည်းမယ့် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီနှင့် စက်မှုဇုန်စီမံခန့်ခွဲ

ရေးကော်မတီရဲ့ ဖွဲ့စည်းပုံဇယားနှင့်အတူ ရှမ်းပြည်နယ် မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနကို တင်ပြလျှောက်ထားရမှာ ဖြစ်ပါတယ်။ စက်မှုဇုန်တည်နေရာပြမြေပုံနှင့် နေရာချထားမှုအခြေအနေဇယား တည်နေရာ၊ မြေအကျယ်အဝန်း၊ ဖော်ထုတ်ချထားရမယ့် မြေကွက်၊ လမ်း၊ တံတား၊ ရေ၊ မီး၊ တယ်လီဖုန်းအပြင် စက်မှုလုပ်ငန်းအမျိုးအစားနှင့် အရေအတွက်၊ ရင်းနှီးမြှုပ်နှံမယ့် ပမာဏ(မြန်မာငွေနှင့် နိုင်ငံခြားငွေ) ပါဝင်မှာဖြစ်သလို လုပ်သားဦးရေလည်း ဖော်ပြရမှာဖြစ်ပါတယ်။ ထုတ်လုပ်မယ့်ပစ္စည်းနှင့် ထုတ်လုပ်သွားမယ့် ပမာဏ၊ စက်မှုလုပ်ငန်းများ၌ အသုံးပြုသွားမယ့် လျှပ်စစ်ဓာတ်အားစတာတွေကို ဆောင်ရွက်ရမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် စက်မှုဇုန်တစ်ခု တည်ထောင်လုပ်ကိုင်ခွင့်ပြုရေးကိစ္စနှင့် ပတ်သက်ပြီး အထက်ဖော်ပြပါ အခြေခံအချက်အလက်များနှင့် လုပ်ငန်းလိုအပ်ချက်များကို စိစစ်ဆောင်ရွက်ပြီးတော့ ခွင့်ပြုသင့်ပါကြောင်း စက်မှုဝန်ကြီးဌာနက ပြန်ကြားထားတာလည်း ရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရကတော့ နိုင်ငံတော်အစိုးရ ရှမ်းပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် စီမံကိန်းများ ရေးဆွဲဆောင်ရွက်ဖို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်နယ်အတွင်း ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့မှာ ဖွံ့ဖြိုးမှုအားနည်းနေခြင်းကိုလည်း နည်းလမ်းပေါင်းစုံနှင့် မြှင့်တင်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့ဒေသများမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်တည်ထောင်ဆောင်ရွက်မယ့်နည်းလမ်းကို ရွေးချယ်မယ်ဆိုရင် စက်မှုလုပ်ငန်းများအတွက် အခွင့်အလမ်းသာမယ့် အားသာချက်များရှိမှု၊ ဈေးကွက်လိုအပ်ချက်ရှိတဲ့ ကုန်ချောများထုတ်လုပ်ရန်လိုအပ်တဲ့ ကုန်ကြမ်းရရှိမှု၊ လုပ်သားများရရှိနိုင်မှု၊ ဒေသခံများရဲ့လိုလားမှုနှင့် စက်မှုဇုန်တည်ထောင်ရန် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှု၊ အဓိကကတော့ မြေနေရာ၊ လျှပ်စစ်ဓာတ်အား၊ လုပ်ငန်းသုံးရေနှင့် သောက်သုံးရေ၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ရှိရမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ၎င်းခရိုင်နှစ်ခုရဲ့ လေ့လာကြည့်မယ်ဆိုရင် အသေးစား၊ အလတ်စား ပုဂ္ဂလိက စက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုမှာ လွိုင်လင်ခရိုင်မှာ လုပ်ငန်း ၂၆၆ ခုနှင့် လင်းခေးခရိုင်မှာ လုပ်ငန်း ၆၅ ခုရှိပါတယ်။ အများစုကတော့ ဆန်စက်တွေ၊ ဆီစက်တွေ၊ ပဲခွဲစက်နှင့် အထွေထွေစက်မှုလုပ်ငန်းများသာ ဖြစ်ကြပါတယ်။ စက်မှုဇုန်တည်ထောင်မယ်ဆိုရင် ဒေသခံလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်စွမ်းမရှိပါက ပြည်တွင်းမှာ အခြားဒေသမှ လုပ်ငန်းရှင်များလာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်စေရန်အတွက် စည်းရုံး ဆွဲဆောင်နိုင်မယ့် အားသာချက်များရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အပြင် ဒေသထွက် သီးနှံများမှာလည်း ပိုလျှံမှုဖြစ်ပြီး အရောင်းအဝယ်ဖြစ်ထွန်းမယ်သီးနှံများလည်း ရှိပါတယ်။

ဒါကတော့ ပြောင်းဖူးစေ့တို့၊ နှမ်း၊ မြေပဲ၊ ပန်းနှမ်း၊ ကြက်သွန်ဖြူ ပဲစဉ်းငုံ၊ ပဲပုတ်၊ ချင်း(ဂျင်း)စိုနဲ့ နာနတ်တို့ ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနအနေနဲ့ ပြည်နယ်ကုန်သည်ကြီးများနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဒေသ အာဏာပိုင် အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး လယ်ယာထွက်ကုန်သီးနှံများရဲ့ အရောင်းအဝယ်လုပ်ငန်း များ၊ စနစ်တကျရှိစေရေးအတွက် တောင်သူများဈေးမှန်ရရှိစေရေးအတွက်လည်းကောင်း၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန်၊ အရောင်းအဝယ်မှန်ကန်စေရေးအတွက် လွိုင်လင်ခရိုင်မှာ နမ့်စန်ကုန်စည်ဒိုင်နှင့် လဲချားကုန်စည်ဒိုင်များကို စနစ်တကျဖွဲ့စည်းဖွင့်လှစ်ပေးပြီးလည်း ဖြစ်ပါတယ်။ နမ့်စန်ကုန်စည်ဒိုင် အနေနဲ့ ၂၀၁၂ ခုနှစ်အတွင်းမှာ အစေ့ထုတ်ပြောင်း ၁၆၂၀၀ တန်၊ ပန်းနှမ်း ၁၀၇၅ တန်၊ နှမ်း ၄၅၀ တန်၊ ပဲစဉ်းငုံ ၅၆၀ တန်၊ ပဲပုတ် ၁၈၀၀ တန်၊ ချင်းစို ၂၅၀၀ တန်၊ နာနတ်သီး ၂၀၀၀ တန်တို့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ လဲချားကုန်စည်ဒိုင်မှာ ၂၀၁၂ ခုနှစ် အောက်တိုဘာလမှ ၂၀၁၃ ခုနှစ် ဧပြီလအထိ ကြက်သွန်ဖြူ ၉၁၈ တန်၊ ပဲပုတ် ၁၈၄ တန်၊ အစေ့ထုတ်ပြောင်း ၈၃၅ တန်၊ မြေပဲဆံ ၁၉၇၉ တန်၊ နှမ်းဖြူ ၁၂၅ တန်၊ ပန်းနှမ်း ၈၆၅ တန်တို့ကို အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ လင်းခေးခရိုင်မှာ ကုန်စည်ဒိုင်ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ ပိုလျှံသီးနှံများဖြစ်တဲ့ အစေ့ထုတ်ပြောင်း ပဲစဉ်းငုံ၊ ပဲပုတ်၊ ပန်းနှမ်း တို့ကို နမ့်စန်ကုန်စည်ဒိုင်မှတစ်ဆင့် တောင်ကြီးဒေသသို့ တင်ပို့ရောင်းချရခြင်းဖြစ်ပါတယ်။ ဒါကြောင့် လင်းခေးခရိုင်နှင့် လွိုင်လင်ခရိုင်တို့မှာ ဒေသတွင်းပိုလျှံသီးနှံ့ကို ဒေသတွင်းတင်ပို့ရောင်းဝယ်မှုမျှသာ ရှိပြီးတော့ ပြည်တွင်းပြည်ပဈေးကွက်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့ အဆင့်အထိ ထွက်ကုန်များ ပြည်ပသို့ စီးပွားဖြစ်တင်ပို့ထုတ်လုပ်ရောင်းချနိုင်အောင် ပထမဆုံးကြိုးစားသွားရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် စီးပွားရေးဇုန်များဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်တဲ့အခြေခံအချက်အလက်ပြည့်စုံမှသာ စီးပွားရေးဇုန်၊ စက်မှုဇုန်များတည်ထောင်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော့် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ကတော့ ကျွန်တော်တို့ဝန်ထမ်းတွေကို အဆိုပါဒေသကို စေလွှတ်ပြီး တော့ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မယ့်နည်းလမ်းတွေနဲ့ စီးပွားရေးကုန်သွယ်မှုနှင့် ဆိုင်တဲ့ သင်တန်းများလည်း စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**နှစ်စဉ်ပြည်ထောင်စုနေ့အခမ်းအနားကို အမြို့မြို့အနယ်နယ်များ၌ တစ်ပြေးညီ စည်ကားသိုက်မြိုက် စွာကျင်းပသွားရန်နှင့် ပြည်ထောင်စုအလံတော်သယ်ဆောင်ခြင်း အခမ်းအနားကို ပြန်လည်ဖော်ထုတ် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင် မောက်မယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းဖြစ်ပါတယ်။ ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းခွင့်တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံတော်သစ်၏ အစိုးရသစ်လက်ထက်တွင် (၆၄) ကြိမ်မြောက်နှင့် (၆၅) ကြိမ်မြောက် ပြည်ထောင်စုနေ့နိုင်ငံတော်အခမ်းအနားကို ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခွင့်ရရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် (၆၆) ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့မှ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ယဉ်ကျေးမှုအဖွဲ့များ၊ အနယ်နယ် အရပ်ရပ်မှ ငြိမ်းချမ်းရေးဆောင်ရွက်ထားသော အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များဖြင့် ကျင်းပနိုင်ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းမှီတင်းနေထိုင်ကြသော ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် ပြည်ထောင်စုနေ့သည် အထင်ကရ နေ့ထူးနေ့မြတ်ကြီး ဖြစ်သည်နှင့်အညီ ယခင်အစိုးရလက်ထက်၌ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် ရည်သန်လျက် ပြည်ထောင်စုနေ့အခမ်းအနားကို အမြို့မြို့အနယ်နယ်တွင် လူထုချီတက်ပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ တိုင်းရင်းသားရိုးရာကပွဲများဖြင့် တစ်နေကုန်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပါတယ်။ ၎င်းအပြင် ပြည်နယ်နှင့်တိုင်းဒေသကြီးအနှံ့ ပြည်ထောင်စုအလံတော် သယ်ဆောင်ခြင်းအခမ်းအနားကိုလည်း အထူးအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့ကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ နိုင်ငံနှင့်အဝန်း ပြည်ထောင်စုနေ့အခမ်းအနားကျင်းပပုံကို လေ့လာကြည့်ပါက နိုင်ငံတော်အလံအလေးပြုခြင်း အခမ်း အနားနှင့် နိုင်ငံတော်သမ္မတကြီးပေးပို့သော သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို မြို့နယ်တိုင်း တွင်ကျင်းပနိုင်ခဲ့ပြီး ဌာနဆိုင်ရာ ပြခန်းများပြသခြင်း၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများကျင်းပခြင်း၊ စုပေါင်း သွေးလှူဒါန်းခြင်းတို့ကို အချို့နေရာများ၌သာ ဆောင်ရွက်နိုင်ကြောင်းတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ချစ်ကြည်မှုအစဉ်ရှင်သန်နိုင်စေရန် ရည်သန်လျက် ပြည်ထောင်စုနေ့

အခမ်းအနားနှင့်စပ်လျဉ်းပြီး အောက်ပါမေးခွန်းများကို ရိုသေစွာမေးမြန်းအပ်ပါတယ်။ (၁) နှစ်စဉ် ပြည်ထောင်စုနေ့အခမ်းအနားကို ပြပွဲ၊ ပြိုင်ပွဲ၊ အားကစားပွဲ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဖော်ထုတ်ပွဲတို့ဖြင့် အမြို့မြို့အနယ်နယ်များ၌ တစ်ပြေးညီစည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။ (၂) ပြည်နယ်နှင့်တိုင်းဒေသကြီးအနှံ့ ပြည်ထောင်စုအလံတော်သယ်ဆောင်ခြင်းအခမ်းအနားကို ပြန်လည်ဖော်ထုတ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသောင်းထိုက်(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ နှစ်စဉ်ပြည်ထောင်စုနေ့အခမ်းအနား ပြပွဲ၊ ပြိုင်ပွဲ၊ အားကစားပွဲ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဖော်ထုတ်ပွဲတို့ဖြင့် အမြို့မြို့အနယ်နယ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန်အစီအစဉ်ရှိ/မရှိနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအနှံ့ ပြည်ထောင်စုအလံတော်သယ်ဆောင်ခြင်းအခမ်းအနားကို ပြန်လည်ဖော်ထုတ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးသောင်းထိုက်မှ ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ နှစ်စဉ်ပြည်ထောင်စုနေ့အခမ်းအနားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်၊ မြို့နယ်များမှာ ကျင်းပလျက်ရှိပြီး ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပွဲများကိုတော့ ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုနေ့ကျင်းပရေးကော်မတီအဆင့်ဆင့်တို့ရဲ့ ဦးဆောင်မှု၊ လမ်းညွှန်မှုဖြင့် အားကစားဝန်ကြီးဌာန ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အဆင့်ဆင့်မှ ကျင်းပပေးလျက်ရှိပါတယ်။ ပြည်ထောင်စုနေ့အလံတော်ကို ပြည်နယ်နှင့်တိုင်းဒေသကြီးအနှံ့ သယ်ဆောင်ခြင်းအခမ်းအနားကို နိုင်ငံတော် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီမှ ဆောင်ရွက်မည်ဆိုပါက အားကစားဝန်ကြီးဌာနအနေဖြင့် အားကစားကွင်း၊ အားကစားရုံများတွင် အလံတော်

ရပ်နားရန် စီစဉ်ဆောင်ရွက်ပေးခြင်းအပါအဝင် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းငေါင်းဆိုင်ဟိန်းမေးတဲ့ မေးခွန်းအပေါ် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ဖြေကြားသွားပါတယ်။ မေးမြန်းတဲ့ကာယကံရှင်က သီးခြားထပ်မံမေးစရာမရှိသော်လည်း ဒီလိုမေးခွန်းနှင့် အဖြေဖြစ်စဉ်လေးကိုတော့ လွှတ်တော်ကတစ်ဆင့် သက်ဆိုင်တဲ့ဌာနများကို ကျွန်တော်ပြန်ပြီးတော့ အသိပေးလိုပါတယ်။ မေးခွန်းများဟာ လွှတ်တော်ဥက္ကဋ္ဌကို ဦးတည်ပြီးတော့ မေးလာကြပါတယ်။ ဒီမေးခွန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က မေးခွန်းများဖြေနိုင်ပြီဆိုတဲ့ အကြောင်းပြန်ကြားချက်လာပါတယ်။ လာတဲ့အခါမှာ အကြောင်းပြန်ကြားချက်ပေါ်မူတည်ပြီးတော့ အခုလို ကျင်းပတဲ့ လွှတ်တော်အစည်းအဝေးတွေမှာ Agenda ထဲမှာ ထည့်ပြီးရေးဆွဲခဲ့ပါတယ်။ ဒီနေ့ ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ်မေးတဲ့ မေးခွန်းကို ပြည်ထောင်စုအစိုးရက အားကစားဝန်ကြီးဌာနကို ဖြေကြားဖို့တာဝန်ပေးပါတယ်။ တာဝန်ပေးချက်နှင့်အညီ ဒီနေ့ဖြေသွားပါတယ်။ အားကစားဝန်ကြီးဌာနနှင့်သက်ဆိုင်တဲ့ကိစ္စများကိုပဲ ဖြေသွားတာဖြစ်ပါတယ်။ သို့ရာတွင် မေးတဲ့မေးခွန်းအပေါ် ပြည့်ပြည့်ဝဝဖြေနိုင်ခြင်းလည်းမရှိပါဘူး။ ဒါလည်း သဘာဝကျပါတယ်။ ဒါကြောင့်မို့လို့ ကာယကံရှင် ခုနက အားယူပါတယ်။ ဒါပေမယ့် ကျွန်တော်ပဲ ဆက်ပြီးတော့ ပြန်တင်ပြပါမယ်။ မေးတဲ့မေးခွန်းကို ပြည့်ပြည့်ဝဝဖြေဆိုပေးနိုင်ဖို့ အစိုးရအဖွဲ့ကို ပြန်ပြီးတော့အကြောင်းကြားပါမယ်။ အဲ့ဒီအခါမှာ ပြည့်ပြည့်ဝဝဖြေနိုင်တဲ့ဌာနမှ တာဝန်ရှိတဲ့ပုဂ္ဂိုလ်များ လာရောက်ပြီးတော့ ဖြေကြားပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ်ရဲ့ မေးခွန်းကို ပြည့်ပြည့်စုံစုံဖြေကြားနိုင်အောင် လွှတ်တော်က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကာယကံရှင်အား အသိပေးလိုပါတယ်။ ထိုနည်းတူစွာပဲ အားကစားဝန်ကြီးဌာန အနေနဲ့ မိမိတို့နဲ့ဆိုင်တဲ့အပိုင်းကို ရှင်းလင်းတင်ပြသွားတဲ့အတွက် ဒါကျေးဇူးတင်မှတ်တမ်းတင်ရမှာဖြစ်ပါတယ်။

**ကဏ္ဍအသီးသီးနှင့် နယ်ပယ်အသီးသီးတွင် စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်၍ ဥပဒေပြဋ္ဌာန်း နိုင်ရန် အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရ သို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းအပေါ် လက်ရှိဆောင်ရွက်ဆဲ ဆောင်ရွက်ပြီးစီးမှုများအား ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပေးပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ သက်ဆိုင်ရာကြွရောက်လာကြသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ မေးမြန်းသွားမယ့် မေးခွန်းကတော့ ယခင် ကျွန်တော်အဆိုတင်သွင်းထားတဲ့ စံချိန်စံညွှန်းကိစ္စနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ FDI ခေါ်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိစ္စ ဥပဒေဟာလည်း ထွက်ပြီးသွားပြီ။ ထို့နည်းတူစွာပဲ မကြာမတင်သော ကာလမှာကျွန်တော် တို့ ASEAN ရဲ့ဥက္ကဋ္ဌတာဝန်ကိုလည်း ယူရတော့မှာ ဖြစ်ပါတယ်။ ထို့အတူ ကျွန်တော်တို့ မကြာခင်ကမှ ကျင်းပသွားတဲ့ စီးပွားရေးဖိုရမ်မှာလည်းပဲ သွယ်ဝိုက်ပြီးတော့ ဒီစံချိန်စံညွှန်းနဲ့ ပတ်သက်လို့ ပြောသွားတဲ့ အပိုင်းလေးတွေလည်းရှိပါတယ်။ ဒီဟာနဲ့ ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ဒါထပ်မံ မေးမြန်းရခြင်းလည်းဖြစ်ပါတယ်။ ဒီနေ့ မြန်မာနိုင်ငံအနေနဲ့ ပြန်ကြည့်မယ်ဆိုရင် စီးပွားရေးနယ်ပယ်အသီးသီးမှာ စံချိန်စံညွှန်းမရှိဘဲ ဆောင်ရွက်မယ်ဆိုရင်တော့ ကျွန်တော်တို့ ဦးတည်ရာမဲ့သွားနေသလို ဖြစ်သွားနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီနေ့ ပြန်ကြည့်ရင် ဥပမာအနေနဲ့တင်ပြရရင် ဒီနေ့ မြို့ရွာတွေမှာ ခဏခဏ မီးလောင်တယ်။ ဘာလို့ မီးလောင်လဲ။ မီးလောင်တယ်ဆိုရင် ကျွန်တော်တို့ စံချိန်စံညွှန်း မမီတဲ့ ဝါယာကြိုးတွေသုံးတယ်။ စံချိန်စံညွှန်း မမီတဲ့ဓာတ်အားမြှင့်စက်တွေသုံးတယ်။ ဒါတွေဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံရဲ့ဆုံးရှုံးမှုပါပဲ။ စံချိန်စံညွှန်း မရှိလို့ပါပဲ။ ထို့နည်းတူစွာပဲ ဒီထက်ပိုဆိုးတာက ကျွန်တော်တို့မြန်မာနိုင်ငံဟာ တစ်နေ့မှာ ပစ္စည်းဟောင်းများ စွန့်ပစ်ရာဌာနကြီး ဖြစ်သွားနိုင် ပါတယ်။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံမှာ တင်သွင်းတဲ့ အချို့သောစက်ပစ္စည်းကိရိယာများ၊ အချို့သော မော်တော်ကားများကအစ အအိုအဟောင်းများ သွင်းတဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာ တကယ်တော့ အမှိုက်ပုံကြီးလို သဘောထားပြီးတော့ ဆောင်ရွက်သွားမယ့် အခြေအနေရှိပါတယ်။ ဒါဟာ ဘာလဲဆိုတော့ စံချိန်စံညွှန်းမရှိလို့ပါပဲ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ဒီစံချိန်စံညွှန်းနဲ့ ပတ်သက်လို့လည်းပဲ သက်ဆိုင်ရာ Focal Ministry ဖြစ်တဲ့ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနက ဆောင်ရွက်နေတယ်လို့လည်း သိရပါတယ်။ ဆောင်ရွက်နေတဲ့အခါမှာ ဘယ်လောက်အတိုင်းအတာအထိ ဆောင်ရွက်ပြီးစီးနေတယ်။ ဆောင်ရွက်နေတယ်ဆိုတာကိုတော့ ကျွန်တော်တို့ မသိရပါဘူး။ သိပ္ပံနှင့်နည်းပညာဌာနက တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ်နဲ့ ဝန်ဆောင်မှုအမှတ်တံဆိပ်၊ မူပိုင်ခွင့်ဥပဒေစသည်များကိုတော့ ဒါလွှတ်တော်မှာတင်နိုင်မယ်လို့ အကြမ်းဖျင်းတော့ သိရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်းပဲ Myanmar Building Code ခေါ်တဲ့ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း ဆွဲနေတာကိုလည်း သိရပါတယ်။

ကျွန်တော်တို့ ဒီစံချိန်စံညွှန်းနဲ့ ပတ်သက်လို့ ကျွန်တော် ၆-၇-၂၀၁၁ ရက်နေ့မှာ အဆိုတင်သွင်းခဲ့ပြီး တော့ ဒီအဆိုအပေါ်မှာ ယခုသိပ္ပံနဲ့နည်းပညာဝန်ကြီးဌာန ဝန်ကြီးကလည်းပဲ လာရောက်ဖြေဆိုသွားတာ ရှိပါတယ်။ ဒီလိုဖြေဆိုတဲ့နေရာမှာ အမျိုးသားစံချိန်စံညွှန်းကောင်စီ ဖွဲ့စည်းပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနများနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်သွားပါမယ်လို့ ဒါ တင်ပြထားတာကိုလည်း တွေ့ရ ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်းပဲ ကျွန်တော်တို့ လက်ရှိအာဆီယံ နိုင်ငံများနဲ့ ဆက်စပ်ပြီးတော့ ဆောင်ရွက်မယ်လို့လည်းသိရပါတယ်။ အဲ့ဒီလို သိရတဲ့အခါမှာ အကြမ်းဖျင်းသာ သိရတဲ့အတွက် ကျွန်တော်တို့ ဒီနေ့ စံချိန်စံညွှန်းနဲ့ ပတ်သက်လို့ အခြေအနေ မည်မျှအထိရှိတယ်ဆိုတာကို ကျွန်တော်မေးမြန်းသွားမှာဖြစ်ပါတယ်။ စံချိန်စံညွှန်းကိစ္စဟာ ယခုအခါမှာ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ အရှေ့တောင်အာရှနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ၊ တင်သွင်းလာတဲ့ ကုန်ပစ္စည်းအမျိုးမျိုးနှင့်တကွ ကိစ္စရပ်များပြားစွာအတွက် အထူးအရေးကြီးပြီး အမျိုးသားရေးကိစ္စ တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီးစီးမှုအား ကဏ္ဍအလိုက် ရှင်းလင်း ဆောင်ရွက်ပေးပါရန်နှင့် ကဏ္ဍတစ်ခုချင်းအလိုက် မည်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်ပေး နိုင်မည်။ မပြီးစီးနိုင်ရင်လည်း မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို ရှင်းလင်းတင်ပြပေးပါရန်မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အခုအစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးဖြစ်ပါတယ်။ ဒီပြည်သူ့လွှတ်တော်အစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်က မေးထားတဲ့ ကဏ္ဍအသီးသီးနဲ့ နယ်ပယ်အသီးသီး အတွက် စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရန် အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းအပေါ် လက်ရှိဆောင်ရွက်ဆဲ ဆောင်ရွက်ပြီးစီးမှုများအား ကဏ္ဍအလိုက် ရှင်းလင်း

တင်ပြပေးပါရန်ဆိုတဲ့မေးခွန်းကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ရှင်းလင်းဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ ၁၉၉၄ ခုနှစ် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေအခန်း(၆) အပိုဒ် ၉ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန လုပ်ငန်းတာဝန်များမှာ အပိုဒ်ခွဲ(က)ပါ အလေး၊ အတိုင်းအတာ၊ အခြင်အတွယ် စက်ကိရိယာနှင့် ကုန်ကြမ်းကုန်ချောများအတွက် စံသတ်မှတ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားခြင်းတာဝန်အရ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေမူကြမ်းအား ၎င်းဝန်ကြီးဌာနမှ ဦးဆောင်ရေးဆွဲလျက်ရှိပါတယ်။ ယင်းစံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ မူကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး မှာ အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်များမှ ပညာရှင်များ ပါဝင် သည့် အမျိုးအသားအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၀၁၂ ခုနှစ် ဇူလိုင်လ ၃ ရက်၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နဲ့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တို့မှာ ကျင်းပခဲ့ပြီး စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက်လည်းကောင်း၊ အမျိုးသားအဆင့် စံချိန်စံညွှန်းကောင်စီ(National Standards Council)၊ စံချိန်စံညွှန်းလုပ်ငန်းကော်မတီ (Standards Working Committee)နှင့် နည်းပညာကော်မတီ(Technical Committee)များ ဖွဲ့စည်းနိုင်ရန် အတွက်လည်းကောင်း ဆွေးနွေးခဲ့ကြပြီး သဘောထားမှတ်ချက်များ၊ အကြံဉာဏ်များ ရယူခဲ့ပါတယ်။ ရရှိလာတဲ့ သဘောထားမှတ်ချက်များ၊ အကြံဉာဏ်များအရ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ နောက်ဆုံးမူကြမ်းကို ပြင်ဆင်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ညှိနှိုင်းခဲ့ပါတယ်။ ပြည်ထောင်စု ရှေ့နေချုပ်ရုံးရဲ့သဘောထားမှတ်ချက်များဟာလည်းပြန်လည်ရရှိခဲ့ပြီးဖြစ်တဲ့အတွက် ယင်းစံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာဥပဒေမူကြမ်းကို လွှတ်တော်သို့ ဆက်လက်တင်ပြနိုင်ရေးအတွက် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ တင်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာဥပဒေများ အတည်ပြုပြီးပါက အမျိုးသားစံချိန်စံညွှန်းကောင်စီကို ဖွဲ့စည်းမည် ဖြစ်ပြီး ကောင်စီ၏လက်အောက်တွင် စံချိန်စံညွှန်းလုပ်ငန်းကော်မတီနှင့် လုပ်ငန်းကော်မတီအောက် တွင် နည်းပညာကော်မတီများကို ဆက်လက်ဖွဲ့စည်းရမည်ဖြစ်ပါတယ်။ အမျိုးသားစံချိန်စံညွှန်းများ သတ်မှတ်ရေးနှင့်ပတ်သက်ပြီး ထုတ်ကုန်(Product)၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်(Process)နှင့် ဝန်ဆောင်မှု လုပ်ငန်းများ(Services)ဆိုင်ရာ စံချိန်စံညွှန်းများကို ဘာသာရပ်ကဏ္ဍများအလိုက် ရေးဆွဲနိုင်ရန် အတွက် ကျင်းပခဲ့သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးများမှ သဘောထားမှတ်ချက်များကို ရယူပြီး နည်းပညာကော်မတီ ၁၉ ခုအား ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ နည်းပညာကော်မတီအဖွဲ့ဝင်များမှာ

သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပညာရေးကဏ္ဍမှ ပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူပညာရှင်များ ပါဝင်လျက်ရှိပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များက ဒီစံချိန်စံညွှန်းများ သတ်မှတ်နိုင်ရေးအတွက် စံချိန်စံညွှန်းများကို ရေးဆွဲလျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းအဖွဲ့ကြီး၏ ISO (International Organization for Standardization)၏ စာပေးစာယူအဖွဲ့ဝင်(Correspondent member)နှင့် အပြည်ပြည်ဆိုင်ရာလျှပ်စစ်ကော်မရှင်( IEC International Electro technical Commission) အဖွဲ့ကြီး၏ တွဲဖက်အဖွဲ့ဝင်ဖြစ်သောကြောင့် ISO စံချိန်စံညွှန်း ၁၈၀၀၀ ကျော်နှင့် IEC စံချိန်စံညွှန်း ၂၀၀ ကျော်ကို အလွယ်တကူရရှိနိုင်ပြီး ကိုးကားရေးဆွဲနိုင်မှာဖြစ်တဲ့အတွက် နည်းပညာကော်မတီများမှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး ကဏ္ဍအလိုက် စံချိန်စံညွှန်းမူကြမ်းများအား နိုင်ငံတကာ စံချိန်စံညွှန်းများကို ကိုးကား၍ အမျိုးသား စံချိန်စံညွှန်းများအဖြစ် ကြိုတင်ရေးဆွဲထားမှာဖြစ်ပါတယ်။ အမျိုးသားစံချိန်စံညွှန်းများအား နည်းပညာကော်မတီများတွင် ပါဝင်သည့် အဖွဲ့ဝင်များနှင့် စစ်ဆေးပေးမည့် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားများကို ညှိနှိုင်းပြီး ဆန္ဒအလျောက် လိုက်နာရမည့် စံချိန်စံညွှန်းများနှင့် မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းများဟူ၍ ခွဲခြားရေးဆွဲသွားမည်ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေနဲ့ အမျိုးသားစံချိန်စံညွှန်းများ မချမှတ်နိုင်သေးပေမယ့် ဝန်ကြီးဌာနများအနေဖြင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများကို မှီငြမ်းသုံးစွဲလျက်ရှိပါတယ်။ ဥပမာအားဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးမှ ကြိုတင်ပြင်ဆင်ထားသော အစားအသောက်ထုတ်ကုန်များအတွက် Codex Standard, GMP ဖြင့်လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးလုပ်ငန်းထုတ်ကုန်များအတွက် EU Regulation GAP ဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဝါးထုတ်ကုန်များအတွက် ဗြိတိသျှအပြည်ပြည် ဆိုင်ရာစံဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပိုးသတ်ဆေးထုတ်ကုန်နှင့် စိုက်ပျိုးသီးနှံထုတ်ကုန်များအတွက် Codex Standards နှင့် WHO Guideline များအရလည်းကောင်း မှီငြမ်းသုံးစွဲလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိအခြေအနေမှာ ပြည်ထောင်စုဝန်ကြီးဌာန အများစုအနေနဲ့ သက်ဆိုင်ရာနည်းဥပဒေလုပ်ထုံးလုပ်နည်းများကို ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများအား မှီငြမ်းကိုးကားသုံးစွဲလျက်

ရှိတဲ့အတွက်ကြောင့် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေပေါ် ထွက်ပြီးပါက အမျိုးသားစံချိန်စံညွှန်းများကို ပြုစုအတည်ပြုနိုင်မည်ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မန္တလေးမြို့ သီရိဟေမာအရှေ့ရပ်ကွက်ရှိ လုပ်အားရတနာဖိနပ်ချုပ်သမဝါယမအသင်းပိုင်မြေနှင့် အဆောက်အဦအား မတရားသိမ်းယူလေလံတင်ရောင်းချခဲ့မှုအတွက် တရားမျှတစွာဆောင်ရွက်ပေးနိုင်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ယနေ့ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မန္တလေးမြို့ သီရိဟေမာအရှေ့ရပ်ကွက်ရှိ လုပ်အားရတနာဖိနပ်ချုပ်သမဝါယမအသင်းသားများပိုင်မြေနှင့်အဆောက်အဦကို မတန်တဆဈေးနှိမ်လေလံပစ်ရောင်းချလိုက်ပြီးရောင်းချငွေကို အသင်းသားများအားခွဲဝေမပေးခဲ့တဲ့ကိစ္စနှင့်ပတ်သက်ပြီး ၎င်းတို့ကိုယ်စားမေးမြန်းသွားဖို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းမယ့် ယခုမေးခွန်းဟာ ဇာတ်ရည်လည်အောင်ရှင်းပြမှ သင့်တော်မှာဖြစ်တဲ့အတွက် နောက်ခံအခြေအနေနှင့်အတူ တင်ပြမေးမြန်းခွင့်ပြုစေလိုပါတယ်။ လုပ်အားရတနာဖိနပ်ချုပ်သမဝါယမအသင်းသားဟောင်းများရဲ့တိုင်ကြားစာအရ ၎င်းတို့ရဲ့ သမဝါယမအသင်းကို ၁၉၆၄ ခုနှစ်မှာလုပ်သား ၅ ဦးက အစုငွေ ၅၀ ကျပ်စီထည့်ဝင်ကာ စုဆောင်းမတည်ပြီး စုပေါင်းဖိနပ်ချုပ်လုပ်ငန်းကိုစတင်ထူထောင်ခဲ့ပါတယ်။ ၁၉၇၂ ခုနှစ်မှာ အသင်းသား ၁၀၀ ခန့် တိုးတက်လာပြီး အသင်းသားတစ်ဦးကို အစုငွေ ၅၀၀ ကျပ်စီထည့်ဝင်ကာ သမဝါယမဥပဒေနှင့်အညီ လုပ်အားတံဆိပ်ဖိနပ်ကုန်ထုတ်သမဝါယမအသင်းကို ဖွဲ့စည်းနိုင်ခဲ့တယ်လို့ဆိုပါတယ်။ အသင်းကြီးတိုးတက်အောင်မြင်လာခဲ့တဲ့အတွက် မန္တလေးမြို့ သီရိဟေမာအရှေ့ရပ်ကွက် အကွက်အမှတ် ၁၉၆ ဦးပိုင်အမှတ် ၂၅၊ ၂၆ ဂရန်မြေကွက်နှင့် မြေပေါ်ပါအဆောက်အဦများကို မူလပိုင်ရှင်ဦးမူရာလီဒါးလ်ထံမှ ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့စွဲနဲ့ စာချုပ်ချုပ်ဆိုဝယ်ယူနိုင်ခဲ့တယ်လို့ဆိုပါတယ်။ နောက်ပိုင်းမှာ ပြောင်းလဲလာတဲ့ဈေးကွက်စီးပွားရေး အခြေအနေများအရ အသင်းရဲ့အခြေအနေချို့နဲ့လာမှုနှင့် အသင်းသားများရဲ့ အသင်းလုပ်ငန်းအပေါ် မှီခိုနိုင်မှုအားနည်းလာခြင်းအပေါ် အခွင့်ကောင်းယူပြီး တာဝန်ရှိသမဝါယမဦးစီးအရာရှိက အသင်းသားများနှင့်အလုပ်အမှုဆောင်အဖွဲ့တို့အကြား သဘောကွဲအောင်လုပ်ဆောင်ပြီး သမဝါယမဥပဒေ၊ နည်းဥပဒေများကိုပစ်ပယ်ကာ အသင်းပြိုကွဲရေးဆောင်ရွက်ခဲ့တယ်လို့ဆိုပါတယ်။ အသင်းပြိုကွဲမှာကို မလိုလားတဲ့အသင်းသားများက အရပ်ရပ်ဆိုင်ရာ အစည်း

အဝေးခေါ်ယူပေးဖို့ သက်ဆိုင်ရာမြို့နယ်သမဝါယမအရာရှိထံ ၂ ကြိမ်တိုင်တိုင်တောင်းဆိုခဲ့ပေမယ့် လက်မခံခဲ့ဘဲ အသင်းဖြိုကွဲရေးလမ်းကြောင်းကိုသာ ဦးတည်လုပ်ဆောင်ခဲ့တဲ့အတွက် အသင်းဖြို ကွဲသည်ဟူသော အကြောင်းပြချက်နဲ့ အသင်းကိုစာရင်းရှင်းလင်းဖျက်သိမ်းရန် ၁၄-၁-၂၀၀၉ ရက်နေ့စွဲ ပါအမိန့်အမှတ် (၈၅) ကိုထုတ်ပြန်ခဲ့တယ်လို့ဆိုပါတယ်။ အဲ့ဒီနောက် ၃-၂-၂၀၀၉ ရက်နေ့မှာ စာရင်း ရှင်းလင်းဖျက်သိမ်းရေးတာဝန်ခံအရာရှိက အသင်းသားများရဲ့စုဆောင်းငွေ ၃၅၄၉၂၉ ကျပ် ၅၀ ပြား အပါအဝင် ကုန်ချောများ၊ ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ပရိဘောဂများ၊ ရုံးသုံးပစ္စည်းများနှင့် အသင်းပိုင်မြေဂရံအပါအဝင် အခြားပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများကို သက်သေအ ဖြစ်ဆောင်ရွက်တဲ့ ရယကများရဲ့ရုံးတံဆိပ်တုံးနှင့်လက်မှတ်များမပါရှိဘဲ အတင်းအဓမ္မသိမ်းယူသွားခဲ့ တယ်လို့ဆိုပါတယ်။ အဲ့ဒီနောက်မှာ ကာလပေါက်ဈေးကျပ်သိန်း ၆၀၀၀ လောက်တန်တဲ့ မြေနှင့် အဆောက်အဦကို ဝယ်လက်နဲ့နားလည်မှုယူပြီး ကျပ်သိန်း ၃၀၀၀ နဲ့သာ မတန်တဆဈေးနှိမ် လေလံ ပစ်ရောင်းချခဲ့ကာ အဲ့ဒီရောင်းချငွေတွေကိုလည်း အသင်းသားတွေကို ပြန်လည်ခွဲဝေပေးခြင်း မရှိတဲ့အ တွက် အသင်းသားများကမကျေမနပ်ဖြစ်ခဲ့ကြပါတယ်။ အဲ့ဒီလို မတရားလုပ်ဆောင်ခံရမှုနှင့် ပတ်သက် ပြီး ၂၃-၄-၂၀၀၉ ရက်နေ့က အသင်းသားများစုပေါင်းလက်မှတ်ရေးထိုးကာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံတစ်ကြိမ်၊ ၄-၉-၂၀၁၂ ရက်နေ့က မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံထပ်မံပြီးတစ်ကြိမ် အသနားခံစာတင်ပြခဲ့ပေမယ့် စာမရောက်လို့လားမသိ အကြောင်းထူးမလာခဲ့ဘူးလို့ဆိုပါတယ်။ ဒါ့အပြင် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီသို့လည်း ၁၄- ၁၂-၂၀၁၂ ရက်နေ့ကတစ်ကြိမ် စာရေးသားတိုင်ကြားခဲ့ပါသော်လည်း ယနေ့တိုင်မည်သို့မျှအကြောင်း မထူးခဲ့ဘူးလို့ဆိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုကိစ္စရပ်များ ကျွန်တော်တို့တစ်နိုင်ငံလုံးမှာ အများ အပြားရှိနိုင်ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ Clean Government, Good Governance ဖြစ် ရေးနှင့်တရားဥပဒေစိုးမိုးရေးကို အမှန်တကယ်အကောင်အထည်ဖော်သည့်အနေဖြင့် ယခင်အစိုးရ ဟောင်းလက်ထက်က ဖြစ်ပွားခဲ့တဲ့မတော်မတရားမှုများကိုဖော်ထုတ်ပြီး တရားနည်းလမ်းတကျဖြစ်စေ ရန်ဆောင်ရွက်ပေးနိုင်မှသာ ပြည်သူလူထုရဲ့ယုံကြည်အားကိုးမှုကို အစိုးရသစ်ကပြန်လည် ရရှိနိုင်မယ် လို့ ကျွန်တော်ယုံကြည်ပါတယ်။ ထိုစဉ်က တာဝန်ရှိခဲ့သူများကိုအရေးယူအပြစ်ပေးရန်မဟုတ်ဘဲ ထိုစဉ်ကငွေကြေးအရ ပစ္စည်းဥစ္စာအရဆုံးရှုံးနစ်နာရသူများကို ပြန်လည်ခံစားရရှိစေရန်သာ ရည်ရွယ် ပြီးကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းများကိုမေးမြန်းလိုပါတယ်-

(၁) ပြဿနာစတင်ဖြစ်ပွားစကပင် ၎င်းတို့တင်ပြတိုင်တန်းခဲ့သောကိစ္စကို သက်ဆိုင်ရာ အထက်အဖွဲ့အစည်းက ပွင့်လင်းမြင်သာစွာစုံစမ်းစစ်ဆေးမှုများပြုလုပ်ပေးခဲ့ပါသလား။

(၂) ထိုစဉ်က ပွင့်လင်းမြင်သာစွာစုံစမ်းစစ်ဆေးမှုများမပြုလုပ်ခဲ့ပါဟုဆိုလျှင် တစ်နိုင်လုံးရှိ အလားတူကိစ္စရပ်များကို ယခုအချိန်တွင် ပြန်လည်စုံစမ်းစစ်ဆေးရန်အစီအစဉ်မျိုး ပြည်ထောင်စုအစိုးရတွင် ပေါ်လစီတစ်ရပ်ချမှတ်ထားရှိပါသလား။

(၃) ၎င်းတို့တင်ပြပြောဆိုသည့်အတိုင်း မူလပေါက်ဈေးအောက် များစွာလျော့နည်းသော တန်ဖိုးဖြင့် ဈေးနှိမ်လေလံပစ်ခဲ့ခြင်းမှန်ကန်သည်ဟုဆိုပါလျှင် ယခုကာလပေါက်ဈေးဖြင့် ထပ်မံလေလံပစ်ပြီး ရရှိလာသည့်ရောင်းရငွေမှ အရင်းငွေသိန်း ၃၀၀၀ နှင့် ကုန်ကျစရိတ်များကို မူလလေလံဆွဲဝယ်သူကိုပြန်အမ်းပေးလျက် ပိုမိုရရှိလာသည့်ငွေကြေးကို မူလပိုင်ရှင်များသို့ခွဲဝေပေးရန် အစီအစဉ်များချမှတ်သင့်ပါသလား။ ချမှတ်သင့်ပါသလော။

(၄) ထိုသို့သောအစီအစဉ်မရှိဟုဆိုပါလျှင် လေလံတင်ရောင်းချရငွေသိန်း ၃၀၀၀ ကို မူလအသင်းသားများအား အဘယ်ကြောင့်ခွဲဝေမပေးပါသနည်းဆိုတဲ့ မေးခွန်းများပဲဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းထွန်း(ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သမဝါယမဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးသန်းထွန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်း၏ မေးခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးကိုယ်စား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ လုပ်အားရတနာဖိနပ်ချုပ်ကုန်ထုတ်သမဝါယမအသင်းသည် ၁၉၇၀ ခုနှစ် သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းခဲ့သောအသင်းဟောင်းအား ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေနှင့်အညီ အသင်းသား ၅၀ ဦးဖြင့် ၁၀-၉-၁၉၉၃ ရက်နေ့တွင်ပြန်လည်ဖွဲ့စည်းခဲ့တဲ့အသင်းဖြစ်ပါတယ်။ အသင်းအနေဖြင့် ၁၉၉၉ ခုနှစ်နောက်ပိုင်း အသင်းဥက္ကဋ္ဌ ဦးထွန်းတင်လက်ထက်တွင် အသင်းလုပ်ငန်းများ လုံးဝဆောင်ရွက်နိုင်ခြင်းမရှိသည့်အပြင် အသင်းသားများသိရှိခြင်းမရှိဘဲ အသင်းပိုင်မြေနှင့် အဆောက်အဦများငှားရမ်းခြင်း၊ တယ်လီဖုန်းအမှတ် ၀၂-၂၂၄၇၃ အားရောင်းစားခဲ့ခြင်း၊ အပ်ချုပ်စက် ၃ လုံး၊ မီးအားမြင့်စက်၊

ရေစုပ်စက်နှင့် ဓာတ်ဆီပန့်တို့အားရောင်းချခဲ့ခြင်း၊ ရရှိသည့်ဝင်ငွေအား အသင်းစာရင်းသို့ပေးသွင်းမှု မရှိဘဲ မိမိကိုယ်ကျိုးအတွက်သုံးစွဲခဲ့ခြင်းများပြုလုပ်ခဲ့ပါတယ်။ ထို့အပြင် ယခင်ဥက္ကဋ္ဌလက်ထက်မှာ အသင်းသားအဖြစ်မှ အရပ်ရပ်ဆိုင်ရာအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ထုတ်ပယ်ခဲ့သောအသင်းသားများအား မိမိတစ်ဦးတည်း၏သဘောဖြင့် အသင်းသားများအဖြစ် ပြန်လည်လက်ခံ၍ ယင်းအသင်းသားများဖြင့်ပင် သက်ဆိုင်ရာသမဝါယမဦးစီးဌာနအဆင့်ဆင့်သို့ တင်ပြခြင်းမရှိဘဲ၊ အသင်းပိုင်မြေအား ရောင်းချရန်စီစဉ်ခြင်း၊ အသင်းပိုင်မြေပေါ်တွင် အကျိုးတူအဆောက်အဦ ဆောက်လုပ်ရန်စီစဉ်ခြင်း၊ ရရှိသည့်ငွေအားခွဲဝေယူရန်စီစဉ်ဆောင်ရွက်ခြင်းစသည့် မမျှတတဲ့ စီမံခန့်ခွဲမှုတို့ကြောင့် ဦးဇော်ဝိတ် ပါ အသင်းသား ၂၆ ဦးမှ ၃၀-၆-၂၀၀၈ ရက်စွဲပါစာဖြင့် လုပ်အားရတနာ ဖိနပ်ချုပ်ကုန်ထုတ်သမဝါယမ အသင်း အလုပ်အမှုဆောင်အဖွဲ့အား ပြန်လည်ဖွဲ့စည်းပေးပါရန် တင်ပြတောင်းခံခြင်းနှင့် အသင်းငွေကြေးအားအလွဲသုံးစားပြုလုပ်ခြင်းအပေါ် အရေးယူပေးပါရန် ကိစ္စဟူသောခေါင်းစဉ်ဖြင့် အောင်မြေသာစံမြို့နယ် သမဝါယမဦးစီးဌာနသို့အသင်းသားများကိုယ်တိုင် လာရောက်တိုင်ကြားခဲ့ပါတယ်။

ယင်းတိုင်ကြားစာနှင့်ပတ်သက်၍ အောင်မြေသာစံမြို့နယ်၊ သမဝါယမဦးစီးဌာနမှ ဒေါ်တင်တင်ဦးစီးမှူးခေါင်းဆောင်သော အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့၍စစ်ဆေးခဲ့ရာမှာ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့၏စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအရ အသင်းဥက္ကဋ္ဌ ဦးထွန်းတင်မှာ ဦးဇော်ဝိတ်၏တင်ပြစာပါအတိုင်း အသင်းပိုင်ပစ္စည်းများဖြစ်သော အပ်ချုပ်စက် ၃ လုံး ၆၀၀၀ဝိ/-၊ မီးအားမြင့်စက် ၂၅၀၀ဝိ/-၊ ရေစုပ်စက်(မော်တာပန့်) ၃၅၀၀ဝိ/- နှင့် ဓာတ်ဆီပန့် ၁၅၀၀ဝိ/-၊ စုစုပေါင်း ၁၃၅၀၀ဝိ/- ဖြင့်ရောင်းချထားခြင်း၊ အသင်းဆိုင်၏မျက်နှာစာလက်ဝဲဘက်ခြမ်းအား ဆိုင်ခန်း ၃ ခန်းဆောက်လုပ်၍ တစ်ခန်းကို အောင်ပါရမီဆေးဆိုင်သို့လည်းကောင်း၊ ကျန်နှစ်ခန်းအား ကုန်မျိုးစုံဆိုင်သို့လည်းကောင်း၊ ၂ နှစ်စာချုပ်ချုပ်ဆို၍ တစ်လလျှင် တစ်ခန်းအတွက် ၄၀၀၀ဝိ/- နှုန်းဖြင့် ၃ ခန်းအတွက် ၆ လစာ ၇၂၀၀၀ဝိ/- ၊ အသင်းဆိုင်လက်ယာဘက်ခြမ်းအား တစ်လလျှင် ၉၀၀၀ဝိ/- နှုန်းဖြင့် ၆ လစာ ကြိုတင်ရယူငွေ ၅၄၀၀၀ဝိ/- ၊ စုစုပေါင်းအသင်းဆိုင်ငှားရမ်းခ ၁၂၆၀၀၀ဝိ/- အားကြိုတင်ရယူထားခြင်းနှင့် တယ်လီဖုန်းအမှတ် ၀၂-၂၂၄၇၃ အား အောင်ပါရမီဆေးဆိုင်သို့ပေးထားခြင်းတို့အား အမှန်တကယ်ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုထားကြောင်းစစ်ဆေးတွေ့ရှိရပါတယ်။ သမဝါယမဦးစီးဌာနမှ ပြန်လည်ပေးသွင်းဖြေရှင်းဆောင်ရွက်ရန် အကြောင်းကြားခဲ့သော်လည်း ဖြေရှင်းခြင်းမပြုခဲ့တဲ့အပြင် တိမ်းရှောင်နေတဲ့အတွက်ကြောင့် ဥက္ကဋ္ဌဦးထွန်းတင်အား အသင်းသားအဖြစ်မှ ရပ်စဲရန်နှင့် ကျန်အမှုဆောင်များမှအသင်းအား လွှဲပြောင်းလက်ခံရယူရန် သမဝါယမအသင်းဥပဒေ

ပုဒ်မ ၂၅(ဆ)အရ အကြောင်းကြားခဲ့ပါတယ်။ အသင်းအမှုဆောင်သို့ အသင်းပိုင်ပစ္စည်းအားစနစ်တကျ လွှဲပြောင်းပေးအပ်ရန် မြို့နယ်သမဝါယမဦးစီးဌာနက ၈-၈-၂၀၀၈ ရက်စွဲပါစာဖြင့် အသင်းဆိုင်သို့လာရောက်ရှင်းလင်းရန် အသင်းဥက္ကဋ္ဌ ဦးထွန်းတင်သို့ထပ်မံအကြောင်းကြားခဲ့သော်လည်း လာရောက်ခြင်းမရှိခဲ့ပါ။ အသင်းအနေဖြင့်လည်း ဦးဇော်ဝိတ်ပါ အသင်းသားဟောင်း ၂၆ ဦး၊ ဥက္ကဋ္ဌဦးထွန်းတင် ပြန်လည်ခန့်အပ်ခဲ့သော ဦးသာဌေးပါ အသင်းသား ၂၀ ဦးနှင့် ကျန်အသင်းသားများအချင်းချင်း စည်းလုံးညီညွတ်မှုမရှိဘဲ အသင်းအတွင်းအုပ်စု ၃ စုကွဲနေပြီး အပြန်အလှန်တိုင်ကြားကာ စည်းလုံးညီညွတ်မှုပျက်ပြားမှုများဖြစ်ပေါ်ခဲ့ပါတယ်။

အသင်းဥက္ကဋ္ဌ ဦးထွန်းတင်အား အသင်းသားများမှတိုင်ကြားချက်အရ စုံစမ်းစစ်ဆေးခဲ့ရာမှာ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များဖြစ်သော အသင်းပိုင်ပစ္စည်းများအားရောင်းချသုံးစွဲခြင်း၊ ဌားရမ်းခများကြိုတင်ရယူသုံးစွဲထားခြင်းစသည့် အလွဲသုံးစားပြုလုပ်ထားခြင်းအား လာရောက်ရှင်းလင်းရန် အကြောင်းကြားသော်လည်း လာရောက်ရှင်းလင်းမှု မရှိခြင်းတို့ကြောင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန်အတွက် ၁၂-၈-၂၀၀၈ ရက်စွဲပါစာအမှတ်၊ ဇ-၂-၂/၀၈(၀၂၂၃) ဖြင့် အောင်မြေသာစံမြို့နယ် အမှတ်(၅) ရဲစခန်းတွင်အမှုဖွင့်ခဲ့ပါတယ်။ ယင်းရဲစခန်းမှ FIR အမှတ် ၃၁၉/၂၀၀၈(၂၉-၈-၂၀၀၈)၊ ပုဒ်မ ၄၀၉ ဖြင့် အမှုဖွင့်ခဲ့ပြီး၊ မန္တလေးတိုင်းဒေသကြီး ဥပဒေရုံးသို့ ဥပဒေအကြံဉာဏ်များတောင်းခံခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီး ဥပဒေရုံးမှ ဦးထွန်းတင်၏ အလွဲသုံးစားမှုပေါ်ပေါက်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉ အရ တရားစွဲဆိုတင်ပို့သင့်ကြောင်း ၂၀-၂-၂၀၀၉ ရက်စွဲပါစာအမှတ်၊ ၉(၂)၁/၄(၃၂၁)ဖြင့် အကြံပြုပြန်ကြားခဲ့ပါတယ်။ ၎င်းအကြံပြုချက်အရ အသင်းဥက္ကဋ္ဌ ဦးထွန်းတင်အား ပုဒ်မ ၄၀၉ ဖြင့် အမှုဖွင့်အရေးယူခဲ့ပါတယ်။ ဥက္ကဋ္ဌဦးထွန်းတင်မှာ အမှုဖွင့်အရေးယူခြင်းခံရသဖြင့် သာသနာ့ဘောင်ဝင်ရောက်ပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့ပါတယ်။ ဦးထွန်းတင် အလွဲသုံးစားပြုလုပ်ထားသည့်ပေးလျော်ရန် တာဝန်ရှိငွေများအား ဦးထွန်းတင်၏ မိသားစုမှပေးလျော်ခဲ့ပြီး ဦးထွန်းတင်အနေဖြင့် အသက်အရွယ်ကြီးရင့်နေခြင်း၊ သာသနာ့ဘောင်သို့ အပြီးဝင်ရောက်လိုခြင်းနှင့် အသင်းကိစ္စများမှာ ပါဝင်စွက်ဖက်ခြင်းများမပြုတော့ကြောင်းဝန်ခံချက်ဖြင့် အမှုပိတ်သိမ်းပေးရန် အသနားခံတင်ပြလာသဖြင့် အသင်းမှဥပဒေနှင့်အညီ အမှုပိတ်သိမ်းပေးခဲ့ပါတယ်။

ထို့အပြင် အသင်းအားဆက်လက်ထားရှိပါက အသင်းသားများ စည်းလုံးညီညွတ်မှုပျက်ပြားနေခြင်းနှင့် သမဝါယမဂုဏ်သိက္ခာ၊ သမဝါယမပုံရိပ်ညှိုးနွမ်းမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းတို့ကြောင့် မြို့နယ်သမဝါယမဦးစီးဌာနနှင့် တိုင်းဒေသကြီးသမဝါယမဦးစီးဌာနတို့မှ စာရင်းရှင်းလင်း

ဖျက်သိမ်းရန်ထောက်ခံတင်ပြခဲ့သဖြင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ သမဝါယမ အသင်းဥပဒေ ပုဒ်မ ၂၅ အရ အသင်းအား ၁၄-၁-၂၀၀၉ ရက်စွဲပါစာရင်းရှင်းအမိန့်အမှတ် (၈၅) ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းမိန့်ထုတ်ပြန်ခဲ့ပြီး အောင်မြေသာစံမြို့နယ် သမဝါယမဦးစီးဌာန၊ ဦးစီးအရာရှိအား စာရင်းရှင်းတာဝန်ခံအဖြစ် တာဝန်ပေးခန့်အပ်ခဲ့ပါတယ်။

အသင်း၏ဥက္ကဋ္ဌနှင့် အမှုဆောင်များသည် အများဆန္ဒရယူခြင်းမရှိဘဲ အသင်းပိုင်ရင်းနှီးပစ္စည်းများအား ငှားရမ်းခြင်း၊ ရောင်းချခြင်းများပြုလုပ်ပြီး ငွေကြေးအလွဲသုံးစားမှုပြုလုပ်ခြင်းနှင့် အသင်းသားအချင်းချင်းစည်းလုံးညီညွတ်မှုမရှိဘဲ အပြန်အလှန်တိုင်ကြားနေခြင်းတို့ကြောင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းပြီးပွင့်လင်းမြင်သာစွာ စစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ စာရင်းရှင်းတာဝန်ခံသည် စာရင်းရှင်းလင်းရန် စာရင်းရှင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အမိန့်စာရရှိသည့် ၂-၂-၂၀၀၉ ရက်နေ့မှစ၍ အသင်းအမှုဆောင်များထံမှ အသင်း၏လက်ဝယ်ရှိငွေ၊ မှတ်တမ်းစာအုပ်၊ ပစ္စည်းများ၊ စာရင်းများ၊ စာရွက်စာတမ်းများအား လက်ခံရယူ၍ စာရင်းရှင်းအမှုတွဲဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ အသင်းအား စာရင်းရှင်းလင်းဖြတ်သိမ်းမည့်အစား ဥပဒေနှင့်အညီ အရပ်ရပ်ဆိုင်ရာအစည်းအဝေးခေါ်ယူဖွဲ့စည်းပေးနိုင်ပါရန် အသင်းဒုတိယဥက္ကဋ္ဌ ဦးသာဌေးပါ အသင်းသားများမှ သမဝါယမဝန်ကြီးဌာန ဝန်ကြီးထံအယူခံလွှာတင်ပြလာခြင်းအပေါ် ၁၉-၃-၂၀၀၉ ရက်နေ့ သမဝါယမဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး ၆/၂၀၀၉ တွင် သက်ဆိုင်ရာအမှုတွဲများ၊ စစ်ဆေးချက်အစီရင်ခံစာများကို အသေးစိတ်လေ့လာသုံးသပ်ဆွေးနွေးပြီး အသင်းအားစာရင်း ရှင်းလင်းဖျက်သိမ်းသင့်သည့် ဖြစ်ရပ်များဖြစ်ပေါ်နေခြင်းမှာ မှန်ကန်ပါသဖြင့် သမဝါယမဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီမှ သမဝါယမအသင်းဥပဒေပုဒ်မ ၂၇ အရ အသင်းအားစာရင်းရှင်းလင်း ဖျက်သိမ်းရန်အမိန့်ချမှတ်ထားသည့် သမဝါယမဦးစီးဌာန၏စာရင်းရှင်းအမိန့်ကို အတည်ပြုခဲ့ကြောင်း ဆုံးဖြတ်ခဲ့ပါသဖြင့် စာရင်းရှင်းတာဝန်ခံမှ စာရင်းရှင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ သမဝါယမအသင်းဥပဒေပုဒ်မ ၂၇ တွင် စာရင်းရှင်းလင်းဖျက်သိမ်းရန်ချမှတ်သည့် ညွှန်ကြားရေးမှူးချုပ်၏အမိန့်ကိုမကျေနပ်ပါက ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံအယူခံဝင်နိုင်သည်။ ဝန်ကြီး၏အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်ဟုပြဋ္ဌာန်းထားသဖြင့် ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ စာရင်းရှင်းလင်းသည့် မြေ၊ အဆောက်အဦနှင့်လုပ်ငန်းသုံး ပရိဘောဂပစ္စည်းများအား စာရင်းရှင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုခွဲရောင်းချနိုင်ရေး သမဝါယမဦးစီးဌာနအဆင့်ဆင့်သို့ တင်ပြခဲ့ရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၃၀-၃-၂၀၀၉ ရက်စွဲပါစာအမှတ်၊ ၀-၈-၇(၂၂၉)၂၀၀၉ အရ ခွင့်ပြုခဲ့ပြီး လေလံတင်ရောင်းချရေးအဖွဲ့အား မန္တလေးတိုင်းဒေသကြီး

သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်အဖွဲ့ခေါင်းဆောင်သော ကြီးကြပ်ရေးအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် အကြောင်းကြားခဲ့ပါတယ်။ ၂-၄-၂၀၀၉ ရက်နေ့တွင် လုပ်အားရတနာဖိနပ်ချုပ်ကုန်ထုတ် သမဝါယမအသင်းပိုင် သီရိမာလာအရှေ့ကွင်း အမှတ် ၁၉၆ ဦးပိုင်အမှတ် ၂၅၊ ၂၆(က)နှင့် မြေပေါ်ရှိအဆောက်အဦ ၂ လုံး၊ လုပ်ငန်းသုံးပစ္စည်းများ၊ ပရိဘောဂများ၊ လျှပ်စစ်မီတာ စသည့်ပစ္စည်းများကို ဈေးပြိုင်စနစ်ဖြင့် ၂၈-၄-၂၀၀၉ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် အသင်းပိုင်နေရာ၌ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း ၇-၄-၂၀၀၉ ရက်နေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာနှင့် ၂၁-၄-၂၀၀၉ ရက်နေ့ထုတ် ရတနာပုံနေ့စဉ်သတင်းစာတို့တွင် ကြေညာခြင်း၊ ရယကရုံးနှင့် သက်ဆိုင်ရာတို့တွင် ကြော်ငြာကပ်၍ အများပြည်သူသိရှိရန် ပွင့်လင်းမြင်သာစွာဆောင်ရွက်ခဲ့ပါတယ်။ လေလံပွဲကျင်းသည့်နေ့၌ လုပ်အားရတနာဖိနပ်ချုပ်ကုန်ထုတ် သမဝါယမအသင်းဆိုင်တွင် မြို့နယ်လေလံတင်ရောင်းချရေးအဖွဲ့၊ တိုင်းသမဝါယမဦးစီးဌာန လေလံကြီးကြပ်ရေးအဖွဲ့များဖြင့် ကြမ်းခင်းဈေးကျပ်သိန်း ၂၅၀၀ စတင်သတ်မှတ်၍ ဈေးပြိုင်လေလံတင် စနစ်ဖြင့်လေလံတင်ထုခွဲရောင်းချခဲ့ရာ လေလံဝင်ရောက်ယှဉ်ပြိုင်သူများအနေဖြင့် ဦးဝင်းမိုးအောင် မှတ်ပုံတင်အမှတ်၊ ၉/မတန(နိုင်)၀၅၉၉၁၈၊ ဒေါ်သင်းသင်းစိုး မှတ်ပုံတင်အမှတ်၊ ၅/ဗမန(နိုင်)၀၀၃၀၀၉၊ ဦးထွန်းဝေ မှတ်ပုံတင်အမှတ်၊ ၅/ရကန(နိုင်)၀၃၃၃၉၆ နှင့် ဦးဟန်စော မှတ်ပုံတင်အမှတ်၊ ၉/မနတ (နိုင်)၀၇၁၄၄၈ ၄ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ လေလံဆွဲဝယ်ယူသူများမှ အပြိုင်အဆိုင် ဈေးနှုန်းတိုးမြှင့်ပေးကြရာတွင် တတိယအကြိမ်၌ ဦးထွန်းဝေမှ ကျပ်သိန်း ၂၉၀၀၊ ဦးဟန်စောမှ ကျပ်သိန်း ၂၉၅၀၊ ဒေါ်သင်းသင်းစိုးမှ ကျပ်သိန်း ၂၉၅၀၊ ဦးဝင်းမိုးအောင်မှ ကျပ်သိန်း ၂၇၅၀ အသီးသီးတင်သွင်းခဲ့ကြပါတယ်။ စတုတ္ထအကြိမ်တွင် ဦးထွန်းဝေ၊ ဒေါ်သင်းသင်းစိုးနှင့် ဦးဝင်းမိုးအောင်တို့မှ ဈေးပြိုင်ပေးနိုင်ခြင်းမရှိတော့ဘဲ ဦးဟန်စောမှ အမြင့်ဆုံးဈေးကျပ်သိန်း ၃၀၀၀ သို့ဈေးနှုန်းတိုးမြှင့်ပေးခဲ့ပါသဖြင့် ဦးဟန်စောမှလေလံအောင်မြင်ခဲ့ပါတယ်။ ၃-၂-၂၀၀၉ ရက်နေ့တွင် မန္တလေးနေ့စဉ်သတင်းစာ၌ စာရင်းရှင်းဆဲ လုပ်အားရတနာဖိနပ်ချုပ်ကုန်ထုတ်အသင်းမှ စာရင်းရှင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပေးနိုင်ရန်အတွက် ရရန်ရှိသူမြီရှင်များက မိမိတို့ရရန်ရှိသည် များကို ၅-၉-၂၀၀၉ ရက်နေ့ထက် နောက်မကျဘဲတင်ပြတောင်းခံရန် ပွင့်လင်းမြင်သာစွာကြေညာခဲ့ပြီး ၂၉-၄-၂၀၀၉ ရက်နေ့မှာ အသင်းသား ၅၄ ဦးအားပေးရန်ရှိသော အစုငွေများနှင့် အသင်းသားတစ်ဦးလျှင် ပံ့ပိုးငွေ ၁၀၀၀၀ ကျပ်အား ငွေပေးပြေစာတွင် တံဆိပ်ခေါင်းကပ်၍ လက်မှတ်ရေးထိုးပြီးထုတ်ပေးခြင်း၊ ရရန်ရှိသည်များကိုတောင်းခံခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ စာရင်းရှင်းတာဝန်ခံမှ လေလံတင်ရောင်းချရငွေကျပ်သိန်း ၃၀၀၀ မှ ဝင်ငွေခွန်ကျပ်သိန်း ၃၀၀ ကိုပေးဆပ်ပြီးနောက် အသင်း၏

လက်ကျန်ရှင်းတမ်းပါပေးရန်၊ ရရန်များကို သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီရှင်းလင်း၍ စာရင်းရှင်းပိုလျှံငွေကျပ်သိန်းပေါင်း ၂၆၉၂.၅ သိန်းအား CRF ရန်ပုံငွေများထိန်းသိမ်းကြီးကြပ်ရေးလုပ်ငန်းစဉ်အရ CRF ရန်ပုံငွေစာရင်းသို့ပေးသွင်းခဲ့ပြီး အသင်းအားမှတ်ပုံတင်စာရင်းမှပယ်ဖျက်ရန် ညွှန်ကြားရေးမှူးချုပ်သို့တင်ပြခဲ့သဖြင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ သမဝါယမအသင်းဥပဒေပုဒ်မ ၃၁ အရ သမဝါယမအသင်းများ မှတ်ပုံတင်စာရင်းမှပယ်ဖျက်သည့် အမိန့်အမှတ် (၄၀) ဖြင့်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခဲ့ပါတယ်။ သမဝါယမအသင်းဥပဒေပုဒ်မ ၂၈(က)(ခ)တွင် အသင်းအား စာရင်းရှင်းလင်းဖျက်သိမ်းရန် အမိန့်ချမှတ်ပြီးနောက်အသင်း၏စာရင်း ရှင်းလင်းဖျက်သိမ်းသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးကမျှအရေးယူပိုင်ခွင့်မရှိစေရ။ စာရင်းရှင်းတာဝန်ခံခန့်အပ်ထားပြီးဖြစ်သော သမဝါယမအသင်းအား ညွှန်ကြားရေးမှူးချုပ်၏ခွင့်ပြုချက်မရရှိဘဲ တရားစွဲဆိုခြင်း၊ အခြားနည်းဖြင့်အရေးယူခြင်းမပြုရဟု ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ပါ၍ လုပ်အားရတနာဖိနပ်ချုပ်ကုန်ထုတ်သမဝါယမအသင်း၏ မြေနှင့်အဆောက်အဦ၊ ရုံးသုံးပရိဘောဂ ပစ္စည်းများလေလံတင်ထုခွဲရောင်းချရာတွင် မြို့နယ်လေလံတင်ရောင်းချရေးအဖွဲ့နှင့် တိုင်းသမဝါယမ ဦးစီးဌာနလေလံကြီးကြပ်ရေးအဖွဲ့များအနေဖြင့် အများမြင်သာအောင်ကျယ်ကျယ် ပြန့်ပြန့်ကြော်ငြာ၍ စာရင်းရှင်းလုပ်ထုံးလုပ်နည်းများနှင့် သတ်မှတ်လေလံစည်းကမ်းချက်များနှင့်အညီပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ၎င်းအချိန်ကာလ၏ သင့်လျော်သည့် ဒေသပေါက်ဈေးနှုန်းဖြင့်လည်း ရရှိခဲ့ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ (၉/၉၂) ဖြင့် ထုတ်ပြန်တဲ့ သမဝါယမအသင်းဥပဒေအရ ၁၉၇၀ ပြည့်နှစ် သမဝါယမအသင်းဥပဒေဖြင့် တည်ထောင်ခဲ့သော သမဝါယမအသင်းများအား စည်းကမ်းအသစ်များဖြင့် ပြန်လည်ဖွဲ့စည်းရာတွင်အသင်း၏ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကို ရှင်းလင်းဆောင်ရွက်ရာမှ နောက်ဆုံးကျန်ရှိတဲ့ အသားတင်ပိုလျှံငွေကို သမဝါယမအသင်းများနဲ့ဆိုင်သော ပြန်လည်ဖွဲ့စည်းရေးရန်ပုံငွေ Common Restructuring Fund အဖြစ်သတ်မှတ်၍ ဖြစ်ပေါ်လာသော သမဝါယမအသင်းများသို့ ရပိုင်ခွင့်များ အားလုံးကို အရင်းမပျောက်မတည်ငွေအဖြစ် လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖွဲ့စည်းရေးကော်မရှင် အဆင့်ဆင့်၏ထိန်းသိမ်းကြီးကြပ်မှုဖြင့်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၇၀ ခုနှစ် သမဝါယမဥပဒေဖြင့်စတင်ဖွဲ့စည်းပြီး ၁၉၉၂ ခုနှစ် ဥပဒေဖြင့်ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သော အသင်းများနှင့်ပတ်သက်၍ အသင်း၏ရင်းနှီးပစ္စည်းများသည့် အသင်းသားပိုင်မဟုတ်ဘဲ အသင်းပိုင်ပစ္စည်းများသာဖြစ်တဲ့အတွက် စာရင်းရှင်းလင်းလုပ်ထုံးလုပ်နည်းများအရ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အသင်း၏ပေးရန်၊ ရရန်များကို ရှင်းလင်းပြီးနောက် ပိုလျှံသည့်ငွေများကို ပြည်ထောင်စုတစ်လုံး

တစ်စုတည်းသောရန်ပုံငွေ UCF နှင့် သမဝါယမအသင်းများနဲ့ဆိုင်သော ပြန်လည်ဖွဲ့စည်းရေးရန်ပုံငွေ CRF စာရင်းသို့ပေးပို့ရပါတယ်။ လုပ်အားရတနာဖိနပ်ချုပ်ကုန်ထုတ် သမဝါယမအသင်းရှိ မြေ၊ အဆောက်အဦနှင့် ရင်းနှီးပစ္စည်းများမှာ သမဝါယမအသင်းများနဲ့ဆိုင်သော ပြန်လည်ဖွဲ့စည်းရေး ရန်ပုံငွေ CRF ပိုင်ပစ္စည်းများဖြစ်ပါသဖြင့် အသင်းသားပိုင်ပစ္စည်းများ မဟုတ်သောကြောင့် အသင်းသားများ၏အစုငွေ၊ စုဆောင်းငွေနှင့် ၎င်းတို့အပေါ်မှရရှိမည့်အကျိုးအမြတ်များကိုသာ ထုတ်ပေးခဲ့ပြီး CRF ပစ္စည်းများလေလံတင် ရောင်းချရရှိငွေများအား သမဝါယမအသင်းများ ပြန်လည်ဖွဲ့စည်းရေးရန်ပုံငွေသို့ ပြန်လည်ပေးသွင်းခဲ့ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေ၊ ၁၉၉၈ ခုနှစ် သမဝါယမအသင်းနည်းဥပဒေ စာရင်းရှင်းလုပ်ထုံးလုပ်နည်း များနှင့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမဝန်ကြီးဖြေသွားတဲ့အတွက် သမဝါယမအသင်းတွေနှင့် ပတ်သက်တဲ့ဥပဒေကိုတော့ တစ်စုံတစ်ရာနားလည်လိုက်မိပါတယ်။ ဒါပေမယ့်ဒီအသင်းက သူတို့တင်ပြထားချက်အရရော ဝန်ကြီးရဲ့ဖြေကြားချက်မှာရော အသင်းသား တွေရဲ့ ကိုယ်ပိုင်ချွေးနဲ့စာနဲ့ဝယ်ထားတဲ့အဆောက်အဦနှင့်မြေဖြစ်ပါတယ်။ အဲ့လိုဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဒီဟာကို နိုင်ငံတော်ရဲ့ဘဏ္ဍာတော်ထဲမှာ ထည့်သွင်းပြီးတော့မခွဲပေးတော့ဘူးဆိုတာဟာ တရားမျှတမှုရှိနိုင်ရဲ့လားလို့ ကျွန်တော်ထပ်ဆင့်မေးခွန်းထုတ်လိုပါတယ်ခင်ဗျား။

**ဦးသန်းထွန်း(ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)**။ ။ ဒီအသင်းဟာ ၁၉၇၀ ခုနှစ် သမဝါယမအသင်းဥပဒေနှင့်အညီ မြန်မာ့ဆိုရှယ်လစ်ခေတ်မှာဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ အသင်း ဖွဲ့စည်းစဉ်က အသင်းသားတစ်ဦးလျှင် အစုငွေ ၅၀ ကျပ်ထည့်ဝင်ခဲ့ပြီးတော့ အသင်း၏လိုအပ်ချက်၊ မြေနှင့်အဆောက်အဦ၊ ကုန်ကြမ်းပစ္စည်းများကို နိုင်ငံတော်ပံ့ပိုးကူညီမှုဖြင့်စတင်ဆောင်ရွက်ခဲ့ပါတယ်။ ထိုစဉ်က အသင်းပိုင်မြေ၊ အဆောက်အဦနှင့် လုပ်ငန်းသုံးပစ္စည်းများသည် အသင်းသားများ၏ ရင်းနှီးပစ္စည်းမဟုတ်ဘဲနဲ့ အစိုးရ၏အထောက်အပံ့ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ ပြောင်းလဲလာတဲ့ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၉/၉၂) ဖြင့် ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေကိုပြဋ္ဌာန်းခဲ့ ပါတယ်။ ၎င်းအသင်းများကို ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေနှင့်အညီပြန်လည်ဖွဲ့စည်းရာမှာ နိုင်ငံတော်မှမတည်ပေးထားတဲ့ အသင်းပိုင်ပစ္စည်းများမပျောက်ပျက်စေရေးအတွက် အသင်းသား များကိုထိန်းသိမ်းဆောင်ရွက်စေခဲ့ပါတယ်။ ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေအရ သမဝါယမ

အသင်းများကို စာရင်းရှင်းလင်းဖျက်သိမ်းရာမှာ ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းတဲ့ အသင်းဟောင်းများ၏စာရင်းရှင်းပိုလျှံငွေများကို သမဝါယမအသင်းများပြန်လည်ဖွဲ့စည်းရေးရန်ပုံငွေ CRF သို့ပေးသွင်းစေပြီး ခေတ္တထိန်းသိမ်းထားပါတယ်။ ပြန်လည်ဖွဲ့စည်းနိုင်ခြင်းမရှိတဲ့ အသင်းဟောင်းများ၏စာရင်းရှင်းပိုလျှံငွေများကို ပြည်ထောင်စုရဲ့တစ်လုံးတစ်ခဲတည်းရန်ပုံငွေ UCF သို့ပေးသွင်းရပါတယ်။ အသင်းကိုစာရင်းရှင်းလင်းဖျက်သိမ်းရာမှာ သမဝါယမအသင်းဥပဒေနှင့်အညီ အသင်းသားများရဲ့အစုရှယ်ရာကို ပြန်လည်ထုတ်ပေးပြီးတော့ ပိုလျှံငွေကို ပြည်ထောင်စုရဲ့တစ်လုံးတစ်ခဲတည်းရန်ပုံငွေသို့ပေးသွင်းရပါတယ်။ ပြည်ထောင်စုရဲ့တစ်လုံးတစ်ခဲတည်းရန်ပုံငွေ UCF ဟာ သမဝါယမအသင်းများအကျိုးအတွက် အသင်းကလိုအပ်လာတဲ့အခါမှာ နိုင်ငံတော်မှခွင့်ပြုချက်ရယူပြီး အသင်းရဲ့အကျိုးအတွက်သုံးစွဲခဲ့ရပါတယ်။ ဥပမာအားဖြင့် မြန်မာ့စီးပွားရေးဘဏ်ချေးငွေများပြန်လည်ပေးဆပ်ရာတွင် ပြန်လည်ပေးဆပ်ရန်အခြေအနေမရှိတော့တဲ့ သမဝါယမအသင်းအတွက် ချေးငွေကျပ်သန်း ၄၆၃.၅၆ သန်းအားလည်း ပြည်ထောင်စုတစ်လုံးတစ်ခဲတည်းရန်ပုံငွေမှထုတ်ပေးခဲ့ရတာဖြစ်ပါတယ်။ လေးစားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၁၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၅**။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ဦးနန္ဒကျော်စွာက ဆောင်ရွက်ပါသည်။]

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် နာမည်ဖြည့်စွက်ခြင်းနှင့် နာမည်ပြောင်းဖြင့် ကိစ္စရပ်များကို ဆောင်ရွက်ပေးခြင်းနှင့် ဆောင်ရွက်ရာတွင် မည်သည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ အထောက်အထားများဖြင့် ဆောင်ရွက်ပေးနေသည်၊ ဌာနအဆင့်ဆင့်သို့ တင်ပြထားသော်လည်း အဘယ်ကြောင့်ဆောင်ရွက်ပေးခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့အစီအစဉ် ဒီကနေ့ သောကြာနေ့ နေ့လယ်ပိုင်းအစီအစဉ်များကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ မေးခွန်းများ အမေး၊ အဖြေဆက်လက်ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)။** ။ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီဝင်တစ်ဦးဖြစ်ပါတယ်ခင်ဗျား။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လာသည်မှာ ယခုဆိုရင် ၂ နှစ်ခွဲနီးပါးရှိပါပြီ။ ယခုအချိန်မှာ ပြည်သူလူထုအနေဖြင့် လက်ရှိအနေအထားထက် ပိုမိုကောင်းမွန်သော လူမှုစီးပွားဘဝကို မျှော်လင့်နေပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအစဉ်တိုးတက်လာတာကို မြင်ချင်နေကြပါတယ်။ နိုင်ငံတော်အစိုးရသည်လည်း ပြည်သူလူထု၏ ဆန္ဒသဘောထားကို အလေးထားပြီးအရာရာအားလုံး ဥပဒေနှင့်အညီ ကြိုးစားပြီး ဆောင်ရွက်ပေးနေသည်ကို မြင်တွေ့နေရပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ပြည်ထောင်စုဝန်ကြီးဦးဆောင်မှုဖြင့် နိုင်ငံသားများအားလုံးကို နိုင်ငံသားစိစစ်ရေးကတ်များ အမြန်ဆုံးရရှိရေးအတွက် ဖြေလျှော့သောနည်းမျိုးစုံကို အသုံးပြုကာ တစ်နိုင်ငံလုံးကွင်းဆင်းပြီး ပွင့်လင်းမြင်သာစွာဖြင့် One Stop Service စနစ်ကို အသုံးပြု၍ လျှင်မြန်စွာဆောင်ရွက်ပေးနေသည်ကို တွေ့မြင်နေရပါသည်။ ဤကဲ့သို့ဆောင်ရွက်နေခြင်းကြောင့် နိုင်ငံသားများအားလုံး နိုင်ငံတော်အစိုးရအား အထူးကျေးဇူးတင်ရှိကြောင်း၊ အားထားယုံကြည်မှုပိုမိုတိုးပွားလာကြောင်း မြင်တွေ့နေရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းတိုင်းရင်းသားများအပါအဝင် တခြားသော တိုင်းရင်းသားများသည် ကျောင်းစတင်အပ်သည့်နေ့ရက်တွင် မိမိ၏နေ့နံနှင့် မကိုက်ညီသော လွယ်ကူမြန်ဆန်သော၊ ဖြစ်သလိုပေးထားသော နာမည်ဖြင့် ကောက်ထည့်ပြီး ကျောင်းအပ်နှံလေ့ရှိသည်ကို

မြင်တွေ့နေရပါသည်။ ထို့ကြောင့်လည်း အသက်ကြီးလာတဲ့အခါ ထိုနာမည်ဖြင့် အသုံးပြုတတ်လာကြပါတယ်။ ထိုနာမည်ကို နေ့နံနှင့် ကိုက်ညီပြီးခေတ်နှင့်လျော်ညီသော နာမည်ဖြည့်စွက်ခြင်း သို့မဟုတ် နာမည်ပြောင်းခြင်းများ ပြုလုပ်လိုကြပါတယ်ခင်ဗျား။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် နိုင်ငံသားစိစစ်ရေးကတ်မှာလည်း နာမည်ဖြည့်စွက်ခြင်းနှင့် နာမည်ပြောင်းခြင်း စသည့်ကိစ္စရပ်များကို ဆောင်ရွက်ရာမှာ ဖြေလျှော့သောနည်းဖြင့် လျင်မြန်စွာဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ (က) နိုင်ငံသားစိစစ်ရေးကတ်တွင် နာမည်ဖြည့်စွက်ခြင်းနှင့် နာမည်ပြောင်းခြင်းကိစ္စရပ်များကို ဆောင်ရွက်ပေးရန်ရှိ/မရှိ သိရှိလိုပါတယ်။ (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် နာမည်ဖြည့်စွက်ခြင်းနှင့် နာမည်ပြောင်းခြင်းကိစ္စရပ်များကို ဆောင်ရွက်ရာတွင် မည်သည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်အထောက်အထားများဖြင့် ဆောင်ရွက်ပေးနေသည်ကို အသေးစိတ်သိရှိလိုပါတယ်။ (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် နာမည်ဖြည့်စွက်ခြင်းနှင့် နာမည်ပြောင်းခြင်းကိစ္စရပ်များ ဆောင်ရွက်ပေးရန်အတွက် ပြည်သူလူထုများသည် သက်ဆိုင်ရာဌာနအဆင့်ဆင့်သို့ တင်ပြထားပါသော်လည်း အဘယ်ကြောင့်ဆောင်ရွက်ပေးခြင်း မရှိသနည်း။ မြန်ဆန်လွယ်ကူသက်သာစေသော ဖြေလျှော့သည့်စနစ်ရှိ/မရှိ သိရှိလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် အမည်ဖြည့်စွက်ခြင်းနှင့် အမည်ပြောင်းခြင်းကိစ္စရပ်များကို ဆောင်ရွက်ပေးခြင်းရှိ/မရှိဆိုသည့်မေးခွန်းနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်ကပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ အမည်ဖြည့်စွက်ခြင်းအား လက်ရှိတွင်သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အမည်ပြောင်းလဲခြင်းအား ဆောင်ရွက်ပေးခြင်းမရှိပါ။ မူလအမည်အား ပယ်ဖျက်ပြောင်းလဲခြင်းမရှိဘဲ

ထပ်မံပြောင်းလဲလိုသည့် အမည်ကို ဖြည့်စွက်ပေးရခြင်းမှာ မှတ်တမ်းတင်ထားသောမူလအမည်အား ပြောင်းလဲခြင်းဖြင့် မသမာမှုများနှင့် ဒုစရိုက်သမားများမှ မိမိအမည်မှန်ကို ဖုံးကွယ်၍ အခြားအမည်သစ်ဖြင့် မမှန်မကန်ဆောင်ရွက်လိုခြင်းနှင့် ပြစ်မှုကျူးလွန်သူမှ နောက်ကြောင်း ရာဇဝင်များပြောင်းလဲဖော်ပြခြင်း စသည့်ကိစ္စရပ်များနှင့် မူလအမည်နှင့် ပတ်သက်သောအခြား ကိစ္စရပ်များတွင် အကျိုးသက်ရောက်မှုများ မဖြစ်ပေါ်စေရေးအတွက် မူလအမည်အား လုံးဝပြောင်းလဲ ခြင်းမရှိဘဲ အမည်သာ ဖြည့်စွက်ခွင့်ပြုထားခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသားစိစစ်ရေး ကတ်ပြားတွင် အမည်ဖြည့်စွက်ခွင့်နှင့် အမည်ပြောင်းလဲခြင်းကိစ္စရပ်များ ဆောင်ရွက်ရာမှာ မည်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်အထောက်အထားများဖြင့် ဆောင်ရွက်ပေးသည်ကို အသေး စိတ်သိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်ပြီးတော့မှ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် အမည်ဖြည့်စွက်ခြင်းဆောင်ရွက်ရာတွင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံ သားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်သည့်အခါတွင် နိုင်ငံသားတစ်ဦးချင်း၏ ကိုယ်ရေးအကြောင်းအရာများကို ပုံစံ နိုင်-၂ တွင် အသက်အပိုင်းအခြားအလိုက် မှတ်တမ်းတင်ထားရှိရပါတယ်။ အဆိုပါ ကိုယ်ရေး အကြောင်းအရာမှာ အကြောင်းအမျိုးမျိုးတို့ကြောင့် ပြောင်းလဲရန်လိုအပ်လာပါက ပြောင်းလဲ လိုသည့် အကြောင်းအရာ၏ အရေးကြီးမှု၊ အရေးပါမှုအပေါ်မူတည်၍ ဦးစီးဌာနရုံးချုပ်၏ ဆုံးဖြတ်ချက် ရယူဆောင်ရွက်သွားရမည့် အကြောင်းအရာ၊ ပြည်နယ်/တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး၏ ဆုံးဖြတ်ချက်ရယူဆောင်ရွက်ရမည့် အကြောင်းအရာနှင့် မြို့နယ်ဦးစီးဌာနမှူးရုံးမှ ဆုံးဖြတ်ဆောင်ရွက် ပေးရမည့် အကြောင်းအရာဟူ၍ ခွဲခြားသတ်မှတ်ကာ ဦးစီးဌာနရုံးချုပ်၏ ၂၂-၁-၁၉၉၀ ရက်စွဲပါ စာအမှတ်၊ ၁၀၂/မ-၆(နငသ-၄) ၀၀၈၁၉/အမတ ဖြင့် ပြည်နယ်/တိုင်းဒေသကြီး ဦးစီးဌာနမှူးအားလုံး နှင့် ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးအားလုံးတို့ အသေးစိတ်ညွှန်ကြားချက်ထုတ်ပြန်ထားပါတယ်။ ဦးစီးဌာန ရုံးချုပ်၏ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးရမည့် အကြောင်းအရာ စုစုပေါင်း ၇ ချက်ရှိပါတယ်-

(၁) အမည်ပြောင်းလဲခြင်း၊ အမည်ဖြည့်စွက်ခြင်း၊

(၂) မိဘ/ဘိုးဘွားအမည်ပြောင်းခြင်း၊

(၃) မွေးသက္ကရာဇ်၊ ရက်၊ လ၊ ခုနှစ်ပြောင်းခြင်း၊

(၄) မွေးရပ်ဒေသပြောင်းခြင်း၊

(၅) လူမျိုးပြောင်းခြင်း၊

(၆) နိုင်ငံသားပြောင်းခြင်း၊

(၇) လိင်ပြောင်းခြင်း တို့ပဲဖြစ်ပါတယ်။

ပြည်နယ်/တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၏ ခွင့်ပြုချက်ရယူပြီးမှ ပြောင်းလဲရမည့်အချက် ၂ ချက်ကတော့-

(၁) ကိုးကွယ်သည့်ဘာသာပြောင်းခြင်းနှင့်

(၂) အိမ်ထောင်ရေးအခြေအနေပြောင်းခြင်းတို့ပဲဖြစ်ပါတယ်။

မြို့နယ်ဦးစီးဌာနမှူးရုံးအနေဖြင့် ဆုံးဖြတ်ပြောင်းလဲပေးရမည့် အကြောင်းအရာ ၅ ချက်ရှိပါတယ်-

(၁) နေရပ်လိပ်စာပြောင်းလဲခြင်း၊

(၂) ပညာအရည်အချင်းပြောင်းလဲခြင်း၊

(၃) အလုပ်အကိုင်ပြောင်းလဲခြင်း၊

(၄) သားသမီးအမည်ဖြည့်စွက်ခြင်း၊

(၅) အခြားအကြောင်းအရာများဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းတို့ပဲဖြစ်ပါတယ်။

အမည်ဖြည့်စွက်ခြင်းအပါအဝင် နိုင်ငံသားတစ်ဦးချင်း ကိုယ်ရေးမှတ်တမ်းပုံစံ နိုင်-၂ ပါ အကြောင်းအရာများပြောင်းလဲပေးရန်ကိစ္စ ပေါ်ပေါက်လာပါက အသုံးပြုရန်သတ်မှတ်ထားသော ပုံစံ နငသ-၉၀/၁ တွင် ပြည့်စုံစွာဖြည့်စွက်ရပါမည်။ အမည်ဖြည့်စွက် ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ မိမိ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ခဲ့သည့် မြို့နယ်ရုံးတွင် လျှောက်ထားပါက ပုံစံ နငသ- ၉၀/၁ နှစ်စောင်ဖြင့်လည်းကောင်း၊ မိမိရောက်ရှိနေထိုင်ရာ အခြားမြို့နယ်တွင် လျှောက်ထားပါက ပုံစံ နငသ-၉၀/၁ သုံးစောင်ဖြင့်လည်းကောင်း လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါပုံစံများအပြင် အောက်ဖော်ပြပါ အထောက်အထား ၈ ချက်ကိုလည်းတင်ပြရန်လိုအပ်မှာဖြစ်ပါတယ်-

(၁) မိဘ/အုပ်ထိန်းသူ၏လျှောက်လွှာ သို့မဟုတ် ကာယကံရှင်၏လျှောက်လွှာ၊

(၂) စာမေးပွဲအောင်လက်မှတ်မိတ္တူ

(၃) အမှုထမ်းဖြစ်လျှင် အမှုထမ်းသက်စာအုပ် ပထမစာမျက်နှာမိတ္တူနှင့် ဌာနဆိုင်ရာအကြီးအကဲ၏ထောက်ခံချက်၊

(၄) ကျောင်းသားဖြစ်လျှင်ကျောင်းအုပ်ဆရာကြီး သို့မဟုတ် မော်ကွန်းထိန်း၏ ထောက်ခံချက်၊

(၅) သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(၆) အသက် ၁၈ နှစ်မပြည့်သေးသူဖြစ်ပါက မိဘအုပ်ထိန်းသူ၏ ထောက်ခံချက်၊

(၇) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့်

(၈) ကာယကံရှင်၏အမည်ပါရှိသော အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ တို့ပဲဖြစ်ပါတယ်။

အမည်ဖြည့်စွက်ပြင်ဆင်ပေးရန် လျှောက်ထားရာတွင် ကျန်းမာရေးအရလည်းကောင်း၊ ဗေဒင်ကိန်းဂဏန်းအရလည်းကောင်း ဖြည့်စွက်ပြင်ဆင်ပေးရန် လျှောက်ထားခြင်းအား သတ်မှတ်မူဘောင်နှင့်ကိုက်ညီခြင်းမရှိသဖြင့် ယင်းသို့လျှောက်ထားပါက ဦးစီးဌာနရုံးချုပ်သို့ ဆက်လက်တင်ပြခြင်းမပြုရန် ပြည်နယ်/တိုင်းဒေသကြီးအားလုံးနှင့် ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးအားလုံးသို့ ၃၁-၈-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၁၀၂/မ-၆(နငသ-၄) ၀၅၇၉၆/အမတဖြင့် ညွှန်ကြားချက်ထုတ်ပြန်ထားရှိပါတယ်။ ဆိုလိုသည်မှာ ကျန်းမာရေးအရလည်းကောင်း၊ ဗေဒင် ကိန်းဂဏန်းအရလည်းကောင်း အယူသီးမှုများနှင့်ပတ်သက်၍ ဆောင်ရွက်မပေးခြင်းဘဲဖြစ်ပါတယ်။ အမည်ဖြည့်စွက်ပြင်ဆင်ခြင်းမှာ အမည်ကြောင့်အခက်အခဲဖြစ်နေသည့် ကျောင်းသူကျောင်းသားများ၏ ပညာရေးနှင့်ပတ်သက်သော အခက်အခဲမဖြစ်စေရေးနှင့် ဝန်ထမ်းများ၏ အမည်ကွဲလွဲမှုကြောင့် ပင်စင်အခက်အခဲပြဿနာများနှင့် အခြားအခက်အခဲများ ဖြစ်နေသည့်ပြဿနာများအား အဓိကရည်ရွယ်၍ ဖြေရှင်းနိုင်ရန် ဆောင်ရွက်ပေးခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် အမည်ဖြည့်စွက်ပြင်ဆင်ခြင်းနှင့် အမည်ပြောင်းခြင်းကိစ္စရပ်များအား သက်ဆိုင်ရာဌာနအသီးသီးသို့ တင်ပြထားသော်လည်း အဘယ်ကြောင့်ဆောင်ရွက်ပေးခြင်း ရှိ/မရှိဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေကြားမှာဖြစ်ပါတယ်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် အမည်ဖြည့်စွက်ပြင်ဆင်ခြင်းအား သတ်မှတ်မူဘောင်များနှင့် သတ်မှတ်ညွှန်ကြားချက်များနှင့် ကိုက်ညီပါက သက်ဆိုင်ရာမြို့နယ်နှင့် ပြည်နယ်နှင့် တိုင်း/ဒေသကြီးဦးစီးဌာနမှူးများ၏ အဆင့်ဆင့်စိစစ်ထောက်ခံချက်ဖြင့် ဦးစီးဌာန

ရုံးချုပ်မှ ခွင့်ပြုပေးလျက်ရှိပါတယ်။ နိုင်ငံသားကိုယ်ရေးမှတ်တမ်းပုံစံ နိုင်-၂ တွင်ပါရှိသော နိုင်ငံသားကိုယ်ရေးအကြောင်းအရာများအနက် အမည်သည် အရေးကြီးသော ကိုယ်ရေးအကြောင်းအရာဖြစ်၍ မူလမှတ်တမ်းတင်ထားသည့်အတိုင်း ပြောင်းလဲခြင်း မရှိစေဘဲ အမည်ဖြည့်စွက်ခြင်းကိုသာ အဆင့်ဆင့်စိစစ်မှန်ကန်ပါက ဦးစီးဌာနရုံးချုပ်မှ ခွင့်ပြုပေးခြင်းဖြစ်ပါ၍ လက်ရှိကျင့်သုံးနေသော မူဘောင်ညွှန်ကြား ချက်များအတိုင်းသာ ဆောင်ရွက်ပေးနိုင်ပါကြောင်းနှင့် သေချာစွာ စိစစ်ဆောင်ရွက်ရသော ကိစ္စဖြစ်၍ လတ်တလောတွင် အမည်ဖြည့်စွက်ခြင်းအား ဖြေလျှော့ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

(ခ) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော အစိုးရအဖွဲ့သစ် ကာလတွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်များမှ အမည်ဖြည့်စွက်ခွင့် တင်ပြလာသောအမှုပေါင်း ၁၅ မှုရှိသည့်အနက် ၁၂ မှုအား အမည်ဖြည့်စွက်ခွင့်ပြုခဲ့ပြီး စိစစ်ဆောင်ရွက်ဆဲ ၃ မှု ရှိပါတယ်။

(ဂ) အခြားမြို့နယ်များအနက် သိန္နီမြို့နယ်မှ အမည်ဖြည့်စွက်ခွင့် လျှောက်ထားမှု ၁ မှုသာရှိပြီး သက်မှတ်ချက်များနှင့်အညီ ပြည့်စုံစေရန် သက်ဆိုင်ရာပြည်နယ်သို့ လိုအပ်ချက်များတောင်းခံညွှန်ကြားစိစစ်ဆောင်ရွက်ဆဲဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် အမည်ဖြည့်စွက်ခွင့် လျှောက်ထားသောကိစ္စရပ်များအား ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားပြုလုပ်ပေးခဲ့သော ၁၉၉၀ ခုနှစ်ကစ၍ ညွှန်ကြားချက်ထုတ်ပြန်ကာ ညွှန်ကြားချက်ပါသတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှန်ကန်ပါက ဦးစီးဌာနရုံးချုပ်မှ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဒီအမည်တိုးတဲ့ကိစ္စပေါ့။ အမည်ပြောင်းတာမဟုတ်ပါဘူး။ ဒါဟိုယခင်တစ်ချိန်တုန်းကဆိုရင် ပိုပြီးတော့သိသာပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီ့အပြင် ပြည်သူပိုင် ၆၅ ခုနှစ်မှာ သာသနာပိုင်ဒီကျောင်းတွေကို Saint ကျောင်းတွေကို ပြည်သူပိုင်ပေးခဲ့ပါတယ်။ အဲ့ဒီမတိုင်ခင်တုန်းကဆိုရင် အဲ့ဒီကျောင်းတွေဝင်ဖို့အတွက်ကို ကျွန်တာ်တို့ နားလည်သလောက်က တချို့က နာမည်ပြောင်းကြရပါတယ်။ ဘာကြောင့်နာမည်ပြောင်းရလဲဆိုတော့ ခေါ်ရတာလွယ်အောင်လို့။ တချို့ဆိုရင်လည်း စတန်မလီတို့၊ တိုနီတို့၊ ရီဖက်တို့။ အဲ့ဒါတွေကနေ

တွင်သွားလိုက်တဲ့အခါကျတော့ ၁၉၅၈ ခုနှစ် မြန်မာနိုင်ငံမှာ စပြီးတော့မှတ်ပုံတင်တွေစလုပ်တဲ့အခါကျတော့ အဲ့ဒီနာမည်တွေ တွင်သွားကျတယ်။ အဲ့ဒီလို တွင်သွားတဲ့အခါကျတော့ နာမည်တွေထပ်တိုးဖို့ ခွင့်ပြုလာတဲ့အခါကျတော့ နောက်ကနေပြီးတော့ ရီဖက်ခေါ် မောင်ဖြူဆိုပြီးတော့ ဖြစ်လာပါတယ်။ အဲ့ဒီတော့ ကျွန်တော်တစ်ခုသိချင်တာက အဲ့ဒီလိုနာမည်တိုးခွင့်ရလာတဲ့အခါကျရင် ရီဖက်ခေါ် မောင်ဖြူလို့ အမြဲသုံးရမလား။ ဒါမှမဟုတ်ရင် မောင်ဖြူဆိုပြီးတော့ပဲ တန်းပြီးတော့သုံးခွင့်ရှိပါသလား။

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ နာမည်ကတော့ ပြောင်းလို့မရတဲ့အတွက်ကြောင့် ခေါ်ဆိုတဲ့စကားလုံးကို ထည့်ရပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ ဟုတ်ကဲ့။

**ဒုတိယဥက္ကဋ္ဌ။** ။ ဘာဖြစ်လို့လဲဆိုတော့ တစ်နံတစ်လျား နယ်စပ်ချင်းထိနေတဲ့နေရာတွေမှာလည်းပဲ ကျွန်တော်တို့ခေတ်မဟုတ်ပါဘူး။ ရှေးခေတ် ကျွန်တော်တို့ရဲ့မိဘဘိုးဘွားများလက်ထက်ကကိုပဲ ဟိုဖက်နိုင်ငံ နီးစပ်ရာ နယ်နိမိတ်ချင်းထိစပ်နေတဲ့နေရာတွေမှာ သွားပြီးတော့ ပညာသင်ကြားခဲ့ကြတာတွေရှိပါတယ်။ အင်မတန်နီးတဲ့အတွက် အဲ့ဒီလိုသွား သင်လိုက်ကြတဲ့အခါမှာ ခေါ်ရလွယ်အောင် သူ့တိုင်းပြည်က နာမည်ယူလိုက်ကြပါတယ်။ အဲ့ဒီအခါမှာ လွယ်လွယ်ကူကူပဲပေါ့ နာမည်ပြောင်းခဲ့ကြတယ်။ ဒီလိုပါပဲ ကျွန်တော်တို့ မြန်မာနိုင်ငံမှာဆိုလည်း အခုဆို ဟိုတယ်တွေမှာအလုပ်လုပ်နေကြတဲ့ကလေးတွေဆိုရင်လည်းပဲ သက်ဆိုင်ရာအုပ်ချုပ်သူတွေအနေနဲ့ ခေါ်ရလွယ်အောင် မြန်မာမိန်းကလေးပဲဖြစ်ဖြစ်၊ မြန်မာယောကျ်ားလေးပဲဖြစ်ဖြစ် အားလုံးကို အဲ့ဒီသူတို့ရဲ့ ခရစ်ယာန် Name လေးတွေနဲ့ တပ်တပ်ပြီးတော့ ခေါ်လေ့ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ အဲ့ဒီတုန်းက အပြောင်းအလဲလေးတွေမှာ သူတို့မသိလိုက်တဲ့အခါကျတော့ သူတို့ရဲ့မူရင်းနာမည်နဲ့မဟုတ်ဘဲနဲ့ ဖြစ်သွားခဲ့ကြလို့ပါ။ ဒီဘက်နောက်ပိုင်းမှာတော့ ဝန်ကြီးရှင်းပြတဲ့အတိုင်းပဲမှန်ပါတယ်။ သူတို့ရဲ့နောက်ကြောင်းရာဇဝင်ကင်းရှင်းရေးအတွက်ကို မှန်မှန်ကန်ကန်ဖြစ်အောင်လို့အတွက် ကျွန်တော်တို့ ဆောင်ရွက်ပေးရတာဖြစ်တဲ့အတွက် ဒါဟာလျော်ကန်သင့်မြတ်ပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ဦးစိုင်းဝင်းခိုင်လည်း သဘောတူပါလိမ့် မယ်။ ဦးစိုင်းဝင်းခိုင်လည်း လက်ခံလိမ့်မယ်ထင်ပါတယ်။

**နာဂတိုင်းရင်းသားများအားသီးခြားတိုင်းရင်းသားမျိုးနွယ်စု တစ်ခုဖြစ်ကြောင်း ဆန္ဒရယူပြီး သတင်းထုတ်ပြန်ပေးရန်နှင့် တိုင်းရင်းသားမျိုးနွယ်စုကြီး ၈ စုနှင့် မျိုးနွယ်စုဝင်တိုင်းရင်းသားငယ်များအား**

**အခြေခံဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း အခွင့်အရေးနှင့် ပါဝင်နိုင်မှုတို့ကို လက်တွေ့ဘဝတွင် ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရှိသီး (လေရှီးမဲဆန္ဒနယ်)**။ ။ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရှိသီးဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ၂၇-၂-၂၀၁၃ ရက်နေ့မှာ ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၏ တိုင်းရင်းသား ၁၃၅ မျိုးနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့်မှ တိုင်းရင်းသားလူမျိုးနွယ်စုကြီး ၈ စု အနက် ချင်းလူမျိုးနွယ်စု ၅၃ မျိုးတွင် နာဂတိုင်းရင်းသားများပါဝင်ကြောင်း မှတ်တမ်းများနှင့် ရှင်းလင်းခဲ့မှု အပေါ် ကျွန်တော်တို့ နာဂတိုင်းရင်းသားများဟာ ဘိုးဘွားစဉ်ဆက် မိမိတို့ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စာပေတို့နှင့်အတူ မြန်မာနိုင်ငံအတွင်းရှိ အခြားတိုင်းရင်းသား ညီအစ်ကိုများနှင့်အတူ လက်တွဲနေထိုင်ခဲ့ကြသော သီးခြားတိုင်းရင်းသားမျိုးနွယ်စုတစ်ခုဖြစ်ကြောင်း အထောက်အထားများနဲ့ ရှင်းလင်းမေးမြန်းလိုတဲ့အတွက် ကျွန်တော်တို့ ဆဋ္ဌမအကြိမ် ပြည်သူ့လွှတ်တော် ပြီးဆုံးချိန်မှာ အောက်ပါအချက်များနဲ့ ကျွန်တော်တင်ပြချင်ပါတယ်။ (က) ၁၉၁၃ ခုနှစ်ထုတ် ဘားမား၊ မြန်မာနိုင်ငံ ပြန်တမ်း အထက်ချင်းတွင်းခရိုင် အတွဲအေထုတ် စာမျက်နှာ ၂၆၊ စာပိုဒ် ၂ မှာ နာဂလူမျိုးသည် တောင်ဘက်ပိုင်းတွင်ချင်းလူမျိုး၊ မြောက်ဘက်ပိုင်းတွင် ကချင်လူမျိုးများနေထိုင်ကြသော ဒေသကြား တွင် နေထိုင်သည့် လူမျိုးများဖြစ်သည်လို့ ရေးထားပါတယ်။ နာဂသည် ချင်းလူမျိုးများနဲ့ ဘာသာ အားဖြင့် ကွာခြားသကဲ့သို့ သီးခြား လူမျိုးနွယ်စုဖြစ်သည်။ စာပိုဒ် ၅ မှာ နာဂလူမျိုးများနှင့် ချင်းလူမျိုး များမှာ အချို့ဒေသများတွင် အတူ တကွရောနှောနေထိုင်ကြသော်လည်း လူမျိုးချင်းမတူကြကြောင်း ဖော်ပြထားပါတယ်။ (ခ) တိုင်းရင်း သားလူမျိုးများအရေးနဲ့ ၁၉၄၇ အခြေခံဥပဒေ ပထမတွဲ စာမျက်နှာ ၃၄၁ မှာ တိုင်းရင်းသားလူမျိုးများ သဘောထားစုံစမ်းသိရှိရန်အတွက် တောင်တန်းဒေသစုံစမ်းရေး အဖွဲ့ကနေပြီးတော့မှ နာဂတောင်တန်းကို မြန်မာပြည်မ၏အစိတ်အပိုင်းအဖြစ်သော်လည်းကောင်း၊ ၎င်းတို့ဖွံ့ဖြိုးလာချိန်အထိ မြန်မာပြည်မ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်လည်းကောင်း အုပ်ချုပ်စီမံ

ထားသင့်ကြောင်း အကြံပြုထားတာကိုတွေ့ရ မှာဖြစ်ပါတယ်။ (ဂ) ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှာ အထက် ချင်းတွင်းခရိုင်ကနေခွဲထွက်ပြီးတော့မှ နာဂတောင်တန်း ခရိုင်အဖြစ် ဖွဲ့စည်းပေးခဲ့ပါတယ်။ နာဂတောင် တန်းခရိုင်ရုံးစိုက်ရာမြို့ကို စင်းကလင်း၊ ခန္တီးဖြစ်ပြီး နယ်နိမိတ်မှာ မြောက်ဘက်နဲ့ အနောက်ဘက်မှာ အိန္ဒိယနိုင်ငံအရှေ့ဘက်တွင် မြစ်ကြီးနားခရိုင်နဲ့ တောင်ဘက်မှာ အထက်ချင်းတွင်းခရိုင်၊ မော်လိုက်တို့ ဖြစ်ကြောင်းဖော်ပြထားပါတယ်။ (ဃ) နာဂ တောင်တန်းခရိုင်၏ သဘောထားသိရှိရန်နဲ့ တောင်တန်းဒေသစုံစမ်းရေးအဖွဲ့ဟာ ဆွမ်မွှရာဒေသလို့ ခေါ်တဲ့ နာဂတောင်တန်းကိုယ်စားလှယ်များ၏ သဘော ထားကို ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅၊ ၂၆ တွေ့ဆုံမှုအရ နာဂတောင်တန်းရဲ့ကိုယ်စားလှယ်များနဲ့တွေ့ဆုံပြီး အောက်ပါတင်ပြချက်များကို ရယူခဲ့ ပါတယ်။ တိုင်းပြု ပြည်ပြုလွှတ်တော်သို့ နာဂတောင်တန်းဒေသအတွက် ကိုယ်စားလှယ်တစ်ဦး စေလွှတ်ခွင့်ပြုရန်နှင့် နာဂတောင်တန်းဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အမြန်အရေးယူဆောင်ရွက်ပေးရန် နာဂတောင်တန်းကို မြန်မာပြည်မနဲ့ပူးပေါင်းစေလိုကြောင်း တင်ပြ တာ တွေ့ရမှာဖြစ်ပါတယ်။ (င) ထို့အတူပဲ ယနေ့ ၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ (င)အရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နဲ့ နန်းယွန်းမြို့နယ် တို့ကို စုစည်းလျက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ပြည်နယ် ရရှိပြီး လူမျိုးနွယ်စုအတွက် သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထပ်မံပေးရန်အကြောင်းမရှိပါဘူး။ သို့ဖြစ်ပါ၍ နာဂတိုင်းရင်းသားမျိုးနွယ်စုသည် သီးခြားတိုင်းရင်းသားမျိုး နွယ်စုတစ်ခုဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များ။ ကျွန်တော်တို့ နောင်တော်ချင်း တိုင်းရင်းသား ၅၃ မျိုးမှ နာဂတိုင်းရင်းသားမျိုးနွယ်စုအား သီးခြားမျိုးနွယ်စုတစ်ခုဖြစ်ကြောင်း သတ်မှတ်ပေးခြင်းအားဖြင့် ချင်းတိုင်းရင်းသားများအတွက်လည်း နစ်နာမှုမရှိပါဘူး။ သမိုင်းမှတ်တမ်းပညာရှင်တို့ရဲ့လွဲမှားချက်အရ ချင်းမျိုးနွယ်စု ၅၃ မျိုးတွင် ထည့်ထားသော နာဂတိုင်းရင်းသားတို့အား ကြည်ဖြူစွာပြန်ပြီးတော့မှ ထုတ်ပေးခြင်းအားဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန်မှာ ကျွန်တော်တို့ နာဂတိုင်းရင်းသာများနေထိုင်တဲ့ အာသံပြည်နယ်၊ မဏိပူရနှင့် နာဂလိုက်ပြည်နယ်၊ အာရိုနယ်ဂျာပြည်နယ်တို့မှာ လက်ရှိအိန္ဒိယနိုင်ငံဘက်မှာ နာဂ တိုင်းရင်းသာလူမျိုး ၄၉ သိန်းကျော် ယနေ့လက်ရှိနေထိုင်လျက်ရှိပါတယ်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသနဲ့ အခြားတိုင်းနှင့်ပြည်နယ်တို့မှာလည်းပဲ နာဂတိုင်းရင်းသားများ ၃ သိန်းခွဲကျော် လက်ရှိ နေထိုင်လျက်ရှိပါတယ်။ သို့သော်လည်းပဲ ယနေ့ ဝန်ကြီးဌာနအချို့အနေနဲ့ ချင်းပြည်နယ်၊ လေရှီး၊

လဟယ်၊ နန်းယွန်းဆိုပြီးတော့မှ တချို့ဖော်ပြနေပါတယ်။ ဥပမာအားဖြင့် ၂၀၁၃ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို လဟယ်မြို့မှာကျင်းပခဲ့တာကို ချင်းပြည်နယ်၊ လဟယ်မြို့တွင် ၂၀၁၃ ခုနှစ် နာဂနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်ဆိုပြီးတော့မှ ဂျာနယ်တစ်အုပ်မှာ ဖတ်ရှုရပါတယ်။ ဒါ့ကြောင့် မှန်ကန်စွာသုံးသွားနိုင်ရေးအတွက် ကျွန်တော်ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးစုကြီး၊ လူမျိုးစုငယ်တို့ရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အရေးဟာ အင်မတန်ရှုပ်ထွေးပါတယ်။ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းရှေ့တန်းတိုးနိုင်ရေးအတွက် အတူတကွ လက်တွဲနေထိုင်ပြီး ဗဟိုရည်မှန်းချက်ဦးထိပ်ထားလိုသော ပြည်ထောင်စုစိတ်ဓာတ် ထားရှိသွားရေးသာ အဓိကဖြစ်ပါတယ်။ တိုင်းရင်းသားကြီး၊ တိုင်းရင်းသားငယ်တို့တွင် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသွားဖို့အရေးအတွက် တန်းတူတာဝန်၊ အခွင့်အရေးရှိသလို လက်တွေ့ဘဝနေထိုင်မှာလည်းပဲ လူမျိုးစုကြီး၊ လူမျိုးစုငယ်ဟု ခွဲခြားခြင်းမပြုဘဲရှိနေစေရန်အတွက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် နာဂတိုင်းရင်းသားများနဲ့ လူမျိုးနွယ်စုငယ်များကိုယ်စား သက်ဆိုင်ရာသို့ အောက်ပါမေးခွန်း ၂ ခု မေးမြန်း တင်ပြအပ်ပါတယ်။ (၁) နာဂတိုင်းရင်းသားများသည် သီးခြားမျိုးနွယ်စုတစ်ခုဖြစ်ကြောင်း ဆန္ဒရယူပြီးတော့မှ သတင်းထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိ။ (၂) တိုင်းရင်းသားလူမျိုးနွယ်စု ၈ စုနဲ့ တိုင်းရင်းသားမျိုးနွယ်စု ငယ်တိုင်းရင်းသားများသည် အခြေခံဥပဒေပါပြဋ္ဌာန်းချက်အတိုင်း ရပိုင်ခွင့်နှင့်တာဝန်တို့တွင် တန်းတူဖြစ်သလို အခွင့်အရေးနှင့် ပါဝင်စေမှုတို့မှာ လက်တွေ့ဘဝတန်းတူ ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ

ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီး၏ နာဂတိုင်းရင်းသားများသည် ချင်းမျိုးနွယ်စုနှင့်သီးခြားတိုင်းရင်းသား မျိုးနွယ်စုတစ်ခုဖြစ်ကြောင်း စိစစ်လေ့လာ သတင်းထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိ။ တိုင်းရင်းသားမျိုးနွယ်စုကြီး ၈ စုနှင့် မျိုးနွယ်စုဝင်တိုင်းရင်းသားငယ်များသည် အခြေခံဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ရပိုင်ခွင့်နှင့်တာဝန်တို့တွင် တန်းတူဖြစ်သလို အခွင့်အရေးနှင့် ပါဝင်နေမှုတို့ကို လက်တွေ့ဘဝတွင် ဆောင်ရွက်ပေးသွားရန်အစီအစဉ်ရှိ/မရှိ မေးမြန်းချက်နှင့် ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီး ပထမမေးမြန်းချက်ဖြစ်သည့် နာဂတိုင်းရင်းသားများသည် ချင်းမျိုးနွယ်စုကြီးတွင် မပါဘဲ သီးခြားတိုင်းရင်းသားမျိုးနွယ်စုတစ်ခုဖြစ်ကြောင်း စိစစ်လေ့လာစုံစမ်းရယူပြီး သတင်းထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိဆိုသည့်မေးခွန်းနှင့်အလားတူပင် ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းကတိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးနှင့်ပတ်သက်၍ မည်သည့်အစိုးရလက်ထက်တွင် စာရင်းပြုစုပြီးရရှိလာခဲ့သည်နှင့်စပ်လျဉ်းသည့် မေးခွန်းအား ၂၇-၂-၂၀၁၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော်မှာဖြေကြားခဲ့ပြီး လည်းဖြစ်ပါတယ်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် မှတ်တမ်းများအရ လူမျိုးစုကြီး ၈ စု ရှိပြီး တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးရှိပါကြောင်း မျိုးနွယ်စုအတွက်အသေးစိတ်မှာ ကချင်မျိုးနွယ်စု ၁၂ စု၊ ကယားမျိုးနွယ်စု ၉ စု၊ ကရင်မျိုးနွယ်စု ၁၁ စု၊ ချင်းမျိုးနွယ်စု ၅၃ စု၊ ဗမာမျိုးနွယ်စု ၉ စု၊ မွန်မျိုးနွယ်စု ၁ စု၊ ကိုင်မျိုးနွယ်စု ၁ စု၊ ရခိုင်မျိုးနွယ်စု ၃၃ စု ဖြစ်ပြီး ချင်းမျိုးနွယ်စု ၅၃ စုတွင် အမှတ်စဉ် ၃၁ ၌ နာဂမျိုးနွယ်စု ပါဝင်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင်နေထိုင်သော တိုင်းရင်းသားလူမျိုးနွယ်စု အမည်စာရင်းများသတ်မှတ်ပြုစုရာတွင် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်းမှ သတ်မှတ်ပြုစု၍မရနိုင်ပါ။ မြန်မာနိုင်ငံသမိုင်း ကော်မရှင်အကြံပေးအဖွဲ့နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းစာပေနှင့်ယဉ်ကျေးမှု ရုံးအကြံပေးအဖွဲ့၏အကြံပေးချက်များအရလည်းကောင်း၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းမတိုင်မီက ပြုလုပ်ခဲ့တဲ့သန်းခေါင်စာရင်းများတွင် ကောက်ယူရရှိခဲ့သော လူမျိုးအမည်စာရင်းများကိုအခြေခံပြီးတော့မှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်၏ ညှိနှိုင်းပေးချက်အရလည်းကောင်း တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးဟူ၍ ပေါ်ပေါက်လာခြင်းပဲဖြစ်ပါတယ်။ ၂၆-၉-၁၉၉၀ ရက်နေ့ ထုတ်လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင်လည်း လူမျိုး ၁၃၅ မျိုးစာရင်းမှာ ၁၉၃၁

ခုနှစ်တွင် ပြုစုခဲ့သောသန်းခေါင်စာရင်းအရ လူမျိုးစုစာရင်းပေါ်မှာ အခြေခံ၍လည်းကောင်း၊ ၁၉၅၃-၁၉၅၄ ခုနှစ် လူမျိုးစုစာရင်းအရလည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်ရှိ ရှေးဟောင်းစာပေနှင့်ယဉ်ကျေးမှုရုံး အကြံပြုချက်နှင့် မြန်မာနိုင်ငံသမိုင်းကော်မရှင်၏ အကြံပေးချက် အရလည်းကောင်း၊ ၁၉၇၂ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဌာနချုပ် တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ၏ ညှိနှိုင်းပေးချက်အရလည်းကောင်း၊ လူမျိုးစုစာရင်းများကို အချိန်ယူပြုစုခဲ့ကြရာ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းတွင် အသုံးပြုသော တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးဟူ၍ ဖော်ပြထားရှိတဲ့အတိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိပြီး ယနေ့ထိတိုင်အသုံးပြုလျက်ရှိပါသည်။ဖော်ပြပြီးမှတ်တမ်းများအရလည်းကောင်း၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းနှင့် ၁၉၅၃-၁၉၅၄ ခုနှစ်လူမျိုးစုစာရင်းများအရလည်းကောင်း၊ မြန်မာနိုင်ငံသမိုင်းကော်မရှင်အကြံပေး အဖွဲ့နှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုရုံး အကြံပေးအဖွဲ့တို့၏လည်းကောင်း၊ မြန်မာနိုင်ငံသမိုင်းကော်မရှင် အကြံပေးအဖွဲ့နှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုရုံးအကြံပေးအဖွဲ့တို့ရဲ့ အကြံပြုချက်အရလည်းကောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဗဟိုကော်မတီဌာနချုပ်၊ တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ ညှိနှိုင်းပေးချက် အရလည်းကောင်း၊ နာဂလူမျိုးစုပေါင်း အစဉ်အဆက်ကပင် ချင်းမျိုးနွယ်စုတွင် ထည့်သွင်းထားခဲ့ခြင်း ဖြစ်ကြောင်းနှင့် နာဂတိုင်းရင်းသားများသည် သီးခြားတိုင်းရင်းသားမျိုးနွယ်စုဖြစ်ကြောင်း စိစစ်လေ့လာအတည်ပြုရာမှာ တိုက်ရိုက်သက်ဆိုင်ရာဌာနများ စာရင်းစစ်ဆောင်ရွက်ပေးခြင်းသာ ပိုမိုသင့်လျော်မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ နာဂတိုင်းရင်းသားများဟာ ချင်းမျိုးနွယ်စုတွင် မပါဘဲ သီးခြားတိုင်းရင်းသားမျိုးနွယ်စုတစ်ခုဖြစ်ကြောင်း တရားဝင်မှတ်တမ်းမှတ်ရာ အထောက်အထားများအရ စိစစ်လေ့လာ ပြောဆိုခြင်းဖြစ်၍ ညွှန်ကြားချက်တစ်စုံတစ်ရာမရှိဘဲနှင့် ပြင်ဆင်သတင်းထုတ်ပြန်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အလားတူပဲ တိုင်းရင်းသားမျိုးနွယ်စုကြီး ၈ စုနှင့် မျိုးနွယ်စုဝင်တိုင်းရင်းသားငယ်များသည် အခြေခံဥပဒေပါပြဋ္ဌာန်းချက်များ အတိုင်း ရပိုင်ခွင့်နှင့်တာဝန်တို့တွင် တန်းတူဖြစ်စေရန် လက်တွေ့ဘဝတွင်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးရှိသီး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုကျွန်တော်တင်ပြတဲ့ဟာ ဘယ်လူမျိုးစုကိုမှလည်းပဲ နစ်နာမှုမရှိပါဘူး။ သူတို့သမိုင်းရဲ့ အထောက်အထားလေးကိုလည်း တင်ပြပြီးသား ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ အတူတကွလက်တွဲနေထိုင်ပြီးတော့မှ ငြိမ်းချမ်းစွာနေထိုင်ရေးဟာ

မိမိမျိုးနွယ်စုရဲ့ သင်္ကေတ၊ မိမိမျိုးနွယ်စုရဲ့ ယဉ်ကျေးမှု၊ မိမိမျိုးနွယ်စုရဲ့ ဓလေ့ထုံးတမ်းဟာ မိမိလူမျိုးရဲ့ ချစ်စိတ်နှင့်ထိန်းသိမ်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလို ၅၃ မျိုးထဲက နေပြီးတော့မှ ချင်းတိုင်းရင်းသားတွေအနေနဲ့လည်းပဲ သူတို့မှာ လုံးဝနစ်နာမှုမရှိပါဘူး။ နဂိုကတည်းကလည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ နဂိုကတည်းကနေထိုင်ခဲ့တာ ဖြစ်ပါတယ်။ အခု ၁၉၄၇ တိုင်းရင်းသားလူမျိုးများအရေးနှင့် အခြေခံဥပဒေ ၁၉၄၇ မှာ ပြန်ဖတ်ကြည့်လိုက်တဲ့အခါမှာ တောင်တန်းဒေသတိုင်းရင်းသားများ ဆန္ဒလေ့လာရေးမှာ မွေးရာဇာတိဖြစ်တဲ့ ဆွမ်မရာဒေသဆိုတဲ့ ဟာ ဖော်ပြထားပါတယ်။ ဆွမ်မရာဒေသတွင်နေထိုင်သော ချင်းတိုင်းရင်းသားတို့ရဲ့ ဆန္ဒများအရလို့ အဲ့ဒီမှာ ရေးထားပါတယ်။ တကယ်တမ်း ယနေ့ ဆွမ်မရာဒေသကို နိုင်ငံတော်အကြီးအကဲများလည်း ခဏခဏ ရောက်ပါတယ်။ အဲ့ဒီမှာ ဦးလျှိုခိုထံဆိုတဲ့ နာဂကိုယ်စားပြု ကိုယ်စားလှယ်ရယ်၊ ဦးလှွမ်းပေါရယ်၊ ဦးလတ်ဆွားရယ်၊ ဦးတုဂဲရယ် ၄ ယောက်သွားခဲ့တာဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် သွားခဲ့တယ်တဲ့အခါမှာ ဦးလျှိုခိုထံကနေပြီးတော့မှ ချင်းတိုင်းရင်းသားတို့ နေထိုင်သော ဆွမ်မရာဒေသဆိုပြီးတော့မှ တင်ပြထားတာတွေ့ပါတယ်။ အခု အဲ့ဒီမှာ ချင်းမျိုးနွယ်စု ၃ ခုဖြစ်သောဆိုတဲ့ဟာ ကျွန်တော်တို့ တန်ဂူနာဂ၊ ဦးလှထွန်းတို့က မာရာနာဂ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးရာဇမ်းတို့က မဂိုနာဂဖြစ်ပါတယ်။ အဲ့ဒီမှာ ဘယ်လို ပြန်ဖော်ပြထားလည်းဆိုတော့ မာရာချင်း၊ ဒန်ကွန်ချင်း၊ မဂိုလီချင်း သုံးချင်းမျိုးနွယ်စုဖြစ်ပါတယ်လို့ အဲ့ဒီ ကတည်းက စပြီးတော့မှ မှားလာပြီးတော့မှ မျိုးနွယ်စုအပုံပုံတဲ့အခါမှာ ကျွန်တော်တို့ နာဂတိုင်းရင်းသားများကို ချင်းအစုထဲမှာ ထည့်လိုက်တယ်လို့ သုံးသပ်ရပါတယ်။ ဒါကြောင့်မို့လို့ နာဂတိုင်းရင်းသားများသည်လည်းပဲ အိန္ဒိယနိုင်ငံမှာတွင် သော်လည်းကောင်း၊ မြန်မာနိုင်ငံမှာတွင်သော် လည်းကောင်း၊ မိမိတို့ရဲ့ နာဂမျိုးနွယ်စုရဲ့ နာဂ သီးခြားဖြစ်တယ်ဆိုတာ ဘိုးဘွားစဉ်ဆက်ကတည်းက ယနေ့နောင်တော်တိုင်းရင်းသားများ အားလုံး လည်း သိရှိပြီးသားဖြစ်တဲ့အတွက် ဒါလေးကို ကျွန်တော်တို့ အနေနဲ့ သမိုင်းဆိုတဲ့အရာကိုလည်း လက်ရှိ ရှိနေတဲ့ တိုင်းရင်းသားတွေရဲ့ ဆန္ဒသဘောထားကြည့်ပြီးတော့မှပြန်ပြီးတော့ ပြုပြင်ပေးသင့်တယ်လို့ ထပ်လောင်းပြီးတော့မှ တင်ပြလိုပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ ထပ်ဆင့်ရှင်းလင်းစရာရှိပါသေးသလား။

**သမင်ဇာကုန်းကျေးရွာရှိ ကျေးလက်ဆေးပေးခန်းဌာနခွဲအား အုတ်ကာ၊ အုတ်ခင်း၊ နံကပ် အဆောက်အဦ အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်ပြည်သူများအတွက် အရေးပါဆုံးဖြစ်တဲ့ သမင်ဇာကုန်းကျေးရွာ ကျေးလက်ဆေးပေးခန်းအား ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့ရဲ့ အရှေ့ဘက် ၄ မိုင်ကျော်ခန့်အကွာမှာ သမင်ဇာကုန်းကျေးရွာအုပ်စုတည်ရှိပါတယ်။ အဆိုပါအုပ်စုတွင် နိုင်ငံတော်မှ ကျေးလက်ဆေးပေးခန်း ဌာနခွဲတစ်ခုဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒါကြောင့်လည်း ၎င်းဆေးပေးခန်းကို ကျေးရွာပေါင်း ၁၀ ရွာမှ အားကိုးအားထားပြု၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေကြပါတယ်။ သို့သော်ဆေးပေးခန်းမှာ အလျား ၂၇ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၄ ပေရှိပြီး ကျဉ်းမြောင်းနေခြင်း၊ သွပ်မိုးထရံကာ အဆောက်အဦဖြစ်တဲ့အတွက် နှစ်ကာလကြာရှည်လာသည့်အလျောက် ယခုအခါ အိုးမင်းပျက်စီး ယိုယွင်းနေခြင်းတို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ သမင်ဇာကုန်း ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းဌာနခွဲအား ကျန်းမာရေးဌာန၏ စံကိုက်နှင့်အညီ အဆောက်အဦ အသစ်ဆောက်လုပ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသခံပြည်သူများ၏ ကိုယ်စား လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ သာစည် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးရဲ့မေးခွန်းကို ဖြေကြားရမယ်ဆိုရင် သမင်ဇာကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဟာ ကျန်းမာရေးဦးစီးဌာနရဲ့

သတ်မှတ်ပုံစံ မဟုတ်ပါဘူး။ ပျက်စီးနေတဲ့ ကျန်းမာရေးဌာနခွဲအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကို ကျန်းမာရေးဦးစီးဌာနရဲ့ စံကိုက်အဆောက်အအုံများအဖြစ် ဆောက်လုပ်နိုင်ဖို့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အဆိုပြုလျာထားပြီးတော့ ခွင့်ပြုရန်ပုံငွေနှင့်ဆောင်ရွက် ပေးသွားမည်ဖြစ်တဲ့အကြောင်း ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတစ်ရပ်ဖြစ်သည့် ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းအား မည်သို့ ဆောင်ရွက်နေသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာတင်မောင်ကြိုင်(ကြံခင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်မောင်ကြိုင် ဖြစ်ပါတယ်။ မြန်မာနိုင်ငံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတစ်ရပ်ဖြစ်တဲ့ ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းအား မည်သို့ဆောင်ရွက်သည်ကို သိရှိလို၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း လိုအပ်ချက်အမြောက်အမြားထဲမှာ အလွန်အရေးကြီးပြီးတော့ ဆောင်ရွက်သင့်တဲ့ကိစ္စတစ်ရပ်ကို တင်ပြလိုပါတယ်။ အနောက်တိုင်းဆေးပညာကို အသုံးပြုကြတဲ့ နိုင်ငံအများစုမှာ ထိုးဆေးအသုံးပြုမှုမှာ အလွန်နည်းပါးကြောင်းလေ့လာတွေ့ရှိရပါတယ်။ သို့ပါသော်လည်း မြန်မာနိုင်ငံမှာ နေ့စဉ်ဆေးထိုးချက်ပေါင်း ၁၆၅၀၀၀၀ ခန့်ရှိနေတဲ့အတွက် မြန်မာနိုင်ငံလူဦးရေ သန်း ၆၀ ညီမျှတဲ့ ဆေးထိုးချက်ကို ရက်ပေါင်း ၄၀ မတိုင်မီမှာပဲ ဆေးထိုးပြီးသားဖြစ်နေမှာကို လေ့လာရပါတယ်။ အဲ့ဒီလို မလိုလားအပ်ဘဲ ဆေးထိုးမှုကြောင့် ဘေးထွက်ဆိုးကျိုးမခံသင့်ဘဲ ခံနေရခြင်း၊ ဆေးထိုးအပ်မှ ကူးစက်နိုင်သော ရောဂါများ မတရားခံရခြင်း၊ ပြည်သူ့ဘဏ္ဍာငွေများ အဟောသိကံဖြစ်ခြင်းစသည်တို့အပြင် သောက်ဆေးများကိုလည်း ဝယ်ချင်သလို ဝယ်သောက်နေရတာ အရည်အသွေးကောင်း/မကောင်း၊ ဆေးမျိုးမှန်/မမှန် မသိခြင်းကြောင့် အန္တရာယ်များစွာ ရှိနေပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရန် ပထမအဆင့်အနေနဲ့ ဆေးဝါးထိန်းချုပ်ရေးဟာ ငွေကုန်ကြေးကျမရှိဘဲ မဖြစ်မနေဆောင်ရွက်သင့်တဲ့လုပ်ငန်းဖြစ်တယ်လို့ ယုံကြည်မိပါတယ်။ ဆရာဝန်လက်မှတ်ဖြင့်သာ ဆေးဝါးရောင်းချခြင်းသည် ဆေးဝါးထိန်းချုပ်ရေးအတွက် အဓိကကျသော အဆင့်တစ်ဆင့် ဖြစ်သောကြောင့် အဆိုပါလုပ်ငန်းအတွက် ဆောင်ရွက်နေခြင်းရှိ/မရှိနှင့် ဆေးဝါးထိန်းချုပ်မှုအတွက် အခြား

မည်သည့်နည်းလမ်းမှ ဆောင်ရွက်နေသည်ကို သိရှိလိုပါ၍ ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စား ဒေါက်တာတင်မောင်ကြိုင်ရဲ့ မေးခွန်းဟာ အင်မတန်ကောင်းတဲ့မေးခွန်း ဖြစ်ပါတယ်။ အင်မတန်ကျယ်ပြန့်ပြီး တော့ အင်မတန်လည်း အရေးကြီးတဲ့ကိစ္စဖြစ်တယ်။ သို့သော် သောကြာနေ့လည်း ဖြစ်နေတော့ အတတ်နိုင်ဆုံးချုံ့ပြီးတော့ အဓိကအချက်ကိုပဲ ဖြေသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနဟာ တည်ဆဲအမျိုးသားဆေးဝါး ဥပဒေပြဋ္ဌာန်းချက်အပေါ်မှာ အခြေခံပြီးတော့ ၁၁-၁-၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၂ ဖြင့် ဗဟို၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ် အဆင့်ဆင့်မှာ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းခဲ့ရာမှာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ထားရှိပြီးဖြစ်ပါတယ်။ ဒီကော်မတီရဲ့အဖွဲ့ဝင်များမှာ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်လည်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ ဒီဖွဲ့စည်းထားရှိသော အဆိုပါကော်မတီများအနက်ကနေ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်အချို့ကို ဖော်ပြရမယ်ဆိုရင်-

(က) ဆေးဝါးရောင်းခွင့်လိုင်စင်လျှောက်ထားတဲ့ကိစ္စရပ်ကို စိစစ်၍ လိုင်စင်ထုတ်ပေးခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) အစားအသောက်နှင့် ဆေးဝါးစစ်ဆေးခြင်းဆိုင်ရာ ကိစ္စအဝဝကို ကြီးကြပ်ခြင်း၊ လိုအပ်ပါက ကိုယ်တိုင်ဆောင်ရွက်ခြင်းနှင့် စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူခြင်း၊

(ဂ) လိုင်စင်ပါစည်းကမ်းချက်များနှင့် ကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသော အစားအသောက်နှင့် ဆေးဝါးဆိုင်ရာစည်းကမ်းများကို လိုက်နာရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူခြင်း၊

(ဃ) အထက်အဆင့် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီများရဲ့ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းရယ်လို့ ရှိပါတယ်။

အမျိုးသားဆေးဝါးဥပဒေအရ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာများတွင် ဆေးဝါးမှတ်ပုံတင်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ ဆေးဝါးတင်သွင်းခြင်း၊ ဆေးဝါးရောင်းချခြင်း၊ ဆေးဝါးမှတ်ပုံတင် တံဆိပ်ကပ်ခြင်းနှင့် ဆေးဝါးကြော်ငြာခြင်းတို့နှင့်ပတ်သက်ပြီးတော့ ဆောင်ရွက်ရမည့်အချက်၊ လိုင်စင်ရရှိသူ လိုက်နာရမည့်အချက်များကို သတ်မှတ်ထားပါတယ်။ ထို့အပြင် ကျန်းမာရေးဝန်ကြီး ဌာန၏ ၇-၃-၂၀၁၃ ရက်စွဲပါအမိန့်အမှတ် (၁/၂၀၁၃)ဟာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထိန်းချုပ်ရေးဆိုင်ရာအမိန့်မှာ ထိန်းချုပ်ဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့် စနစ်တကျတိကျစွာ ရောင်းချရန် သတ်မှတ်ထားပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ဆေးဝါးများ ရောင်းချခြင်းနှင့်စပ်လျဉ်းပြီးတော့ ၅-၈-၁၉၉၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၉၃)၏ အပိုဒ် ၁၈ မှာ ဆေးဝါးရောင်းချရာမှာ ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ သုံးစွဲရမည့်ဆေးဝါးများကို မှတ်ပုံတင် ရရှိပြီးသော ဆရာဝန်၊ သွားဘက်ဆိုင်ရာ ဆရာဝန် သို့မဟုတ် တိရစ္ဆာန်ဆေးကုဆရာဝန် တစ်ဦးဦးရဲ့ ဆေးညွှန်းစာဖြင့် ဝယ်ယူခြင်းမှတစ်ပါး မည်သူ့ကိုမှရောင်းချခြင်းမပြုရလို့ အတိအလင်း သတ်မှတ်ထားပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနများသို့လည်း ဆေးဆိုင်များသို့ ပုံမှန်ကွင်းဆင်း စစ်ဆေးရန်နှင့် ဆေးဆိုင်များမှ စပ်ဆေးရောင်းချခြင်းမပြုရန်၊ ဆရာဝန်ညွှန်ကြားချက်ဖြင့် ဆေးဝါး ရောင်းချမှုများကို လိုက်နာမှုရှိ/မရှိ ကြီးကြပ်စစ်ဆေးပြီးတော့ ညွှန်ကြားချက်ထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရဲ့ ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ ကိစ္စများကို ကွင်းဆင်း စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းလည်း တင်ပြလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်း ယခုအခါ ဆေးဝါးကုသရာမှာ ဆေးထိုးတာဟာ အရင်ကလောက်တော့ မများတော့ပါဘူး။ အထူးသဖြင့်မလိုအပ်ဘဲ ဆေးမထိုးပါနှင့်ဆိုတဲ့ ပညာပေး လုပ်ငန်းများကိုလည်း သုံးလာတဲ့အတွက် နယ်တွေမှာတော့ အနည်းအကျဉ်းကျန်သေးပေမယ့် အခု အခါမှာ တစ်ခါသုံးဆေးထိုးအပ်များကိုသာ အသုံးပြုရမယ်လို့ သတ်မှတ်ထားတဲ့အတွက်ကြောင့်မို့ ဆေးထိုးအပ်ကနေတစ်ဆင့် ကူးစက်နိုင်တဲ့ရောဂါများကို အထိုက်အလျောက်ကာကွယ်နိုင်မှာဖြစ်ပါ တယ်။ ဆေးမတည့်တဲ့အတွက် ရှော့ဖြစ်တာ၊ အနာဖြစ်တာ၊ အသားမာလုံးများဖြစ်ခြင်း၊ သောက်ဆေးများကို အလွယ်တကူဝယ်ပြီးသောက်နေရခြင်းကြောင့် အန္တရာယ်များစွာရှိနေတဲ့အတွက် တရားမဝင်ဆေးဝါး များနှင့်ပတ်သက်၍ အများပြည်သူသိရှိနားလည်ဖို့ ပုံမှန်ပညာပေးလုပ်ငန်းများ

ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တရားမဝင်ဆေးဝါးကိစ္စမှာ ကျန်းမာရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ပူးပေါင်းပြီးတော့ စစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိရာမှာ အမျိုးသားဆေးဝါးဥပဒေအရ တရားစွဲဆိုအရေးယူခဲ့တဲ့ အမှုပေါင်းမှာ ၂၀၁၁ မှာ ၃၈ မှုနှင့် ၂၀၁၂ ခုနှစ်မှာ ၁၁ မှုနှင့် ဒီနှစ်မှာတော့ အားစိုက်ပြီး လုပ်လာတဲ့အခါမှာ ပထမလေးလအတွင်းမှာ အမှု ၅၀ အရေးယူဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အဓိကဆေးဝါးစီမံချက်အနေနဲ့လည်း အကြောင်း အကျိုးညီညွတ်စွာဆေးဝါးအသုံးပြုခြင်း (Rational Use of Medicine)နှင့်ပတ်သက်ပြီးတော့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျန်းမာရေးမှူး၊ အခြားအဆင့်ကျန်းမာရေးဝန်ထမ်းများကို သင်တန်းများ ပုံမှန်ပို့ချခြင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် စံညွှန်းကုထုံးလက်စွဲစာအုပ် (Standard Treatment Guideline) များကိုလည်း ပြုစုပြီးတော့ ဆေးညွှန်ခြင်း၊ ထိုးဆေးသုံးစွဲခြင်းများအတွက် စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ဖြည့်စွက်ပြောကြားလို တာကတော့ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာများလည်း ထုတ်ပေးပါတယ်။ ဒါပေမယ့် အားနည်းနေတာကတော့ Enforcement ပဲ ဖြစ်ပါတယ်။ ဒါတွေရှိပေမယ့် ကျွန်တော်တို့က Enforce လုပ်တဲ့အခါမှာ အားနည်းချက်ရှိနေတဲ့အတွက် အခု လူကြီးမင်းပြောသလိုပဲ ဆေးဆိုင်တွေမှာ စပ်ဆေးတွေ သုံးနေတယ်၊ စပ်ဆေးတွေသုံးနေတာကို ထိရောက်စွာစစ်ဆေးတာ၊ အခါအား လျော်စွာစစ်ဆေးတာတွေဟာ အားနည်းချက်ရှိနေသေးတယ်ဆိုတာရှိပါတယ်။ ဒါကြောင့်မို့လို့ ခုနပြောတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့ တိုးတက်ပြီးတော့ ဒီဟာကို ပိုမိုအားစိုက်ပြီးတော့ လုပ်ဆောင် သွားရမှာဖြစ်သလို ဒီဒေသမှာရှိတဲ့ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ရပ်မိ/ရပ်ဖများအပါအဝင် လူမှုရေးအသင်းအဖွဲ့များကလည်း ဒီကိစ္စကိုကူညီသင့်ပါတယ်။ နောက်တစ်ခုကတော့ ကိုယ့်ဘာသာကိုယ် ဆေးဝယ်သောက်တာ အန္တရာယ်ရှိသလို ကျွန်တော့်အနေနဲ့ ဥပမာလေးပြောပြရရင် ကျွန်တော်ဟာ ဒီတာဝန်မယူခင်အထိ ကလေးဆရာဝန်ဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော့်ဆီ လူနာတစ်ယောက်လာတဲ့ အခါမှာ ကျွန်တော်တို့ အင်မတန်လေးစားရတဲ့၊ အင်မတန်တော်တဲ့၊ အင်မတန်တတ်တဲ့၊ အင်မတန်စေတနာကောင်းတဲ့ ဆရာဝန်ကြီးတစ်ယောက်ရဲ့ ဆေးကိုသောက်ပြီးတော့ ကလေးဒီလိုဖြစ်ပါတယ်။ ကလေးနှိုးလို့မရဘူးဆိုပြီး တစ်ခါလာပါတယ်။ ကျွန်တော်ကတော့ မဖြစ်လောက်ဘူး။ ကျွန်တော်တို့ဆရာကြီးဟာ အဲ့လောက်တော့မဖြစ်လောက်ဘူးဆိုပြီး ကြည့်လိုက်တဲ့အခါမှာ ဆေးစာအုပ်လေးရှိပါတယ်။ ဒါက ရန်ကုန်မှာပါခင်ဗျား။ အင်မတန်လည်းတတ်နိုင်ပါတယ်။ ပညာလည်းတတ်ပါတယ်။

ကလေးပြပြီးလို့ရှိရင် ရေးထားတာကြည့်လိုက်တော့ ပထမတစ်မျက်နှာမှာ ဆရာကြီးရဲ့ ချောင်းဆိုး၍ ပြဆိုပြီး ရေးထားပါတယ်။ နောက်တစ်ခါ နေမကောင်း၍ သွားပြတော့ ဝမ်းလျှော၍ ပြဆိုပြီးတော့ ရေးထားတယ်။ အဲ့ နောက်သုံး၊ လေး၊ ငါးရွက်လှန်လိုက်တော့ အန်၍ ပြဆိုပြီးတော့ ရေးထားတယ်။ ဒါပေမယ့် Treatment တွေက အကုန်လုံးအမှန်ပါပဲ။ Standard Guideline နဲ့ အကိုက်ပါပဲ။ သို့သော် ဒီတစ်ခါမှာ ဘယ်လိုဖြစ်တာလဲဆိုတော့ ချောင်းလည်းဆိုးပြီးတော့၊ အန်လည်းအန်ပြီးတော့ ဝမ်းလည်းလျှောတဲ့အတွက် အဲ့ဒီသုံးမျိုးကို ပေါင်းတိုက်ပါတယ်ခင်ဗျား။ ဆရာကြီးဆီသွားဖို့လည်း အချိန်မရှိတာနဲ့ ဆရာကြီးဆီမသွားခင်ဆိုပြီးတော့ အိမ်မှာတိုက်လိုက်တယ်။ ချောင်းဆိုး၍ပြတဲ့ Treatment တစ်မျက်နှာ၊ ဝမ်းလျှော၍ ပြတဲ့ Treatment တစ်မျက်နှာ၊ အန်၍ ပြတဲ့ Treatment တစ်မျက်နှာပေါင်း၍ တိုက်လိုက်တဲ့အခါမှာ ကလေးက မနိုးတော့ပါဘူး။ ကျွန်တော်တို့ အနေနဲ့က ဒါကို မနည်းကယ်လိုက်ရတဲ့အတွက် ကလေးကတော့ အသက်ရှင်သွားပါတယ်။ ပညာလည်းပေးပါတယ်။ ဆရာဝန်ကြီးများပေးထားသော ဆေးဖြစ်သော်လည်း အဲ့ဒီလိုပေါင်းတော့သောက်လို့ မရဘူး။ ဆေးတစ်ခုနဲ့ တစ်ခုမတည့်တာတွေရှိတဲ့အတွက်ကြောင့် အဓိကက Enforcement နှင့် Education ပါခင်ဗျား။ ကျွန်တော်တို့ Sub-Madication ကိစ္စကို ပြည်သူလူထုကိုရော၊ ဆေးရောင်းတဲ့ လူတွေကိုရော၊ ဆရာဝန်၊ ဆရာမ၊ ကျန်းမာရေးဝန်ထမ်းတွေကိုအားလုံးကို ပညာပေးဖို့ လိုပါတယ်။ ကျွန်တော်တို့အားလုံးက ဆရာဝန်တော်တော်များများလည်းဒီလိုပါပဲ။ ဆေးညွှန်းလည်း ပြည့်အောင်မသောက်ဘဲ နည်းနည်းသက်သာရင် ရပ်လိုက်ကြတဲ့လူတွေများပါတယ်။ ဒီဆေးနဲ့ ဟိုဆေး တည့်မတည့်မသိဘဲနှင့် တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးလည်း တွဲသောက်ကြတာတွေ တွေ့တယ်။ ပညာပေးလုပ်ငန်းအများကြီးလုပ်ဖို့လိုပါတယ်။ Enforcement လည်းအများကြီးလုပ်ဖို့လိုပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့တော့ အဲ့ဒီထဲက လုပ်နည်းကိုင်နည်းတစ်ခုအနေနဲ့တော့ FDA ဟာ အားနည်းချက်တွေရှိတယ်။ ဝန်ထမ်းအင်အားဖွဲ့စည်းပုံလည်းနည်းတယ်။ အားနည်းတဲ့ အတွက် အရင်တုန်းက FDA ဟာ Drug ကိုပဲ စစ်နိုင်ပါတယ်။ Food ကို စစ်နိုင်တာမရှိပါဘူး။ ဒီနေ့ ဒီခေတ်မှာ FDA ရဲ့ Row ဟာ Food, Drug အပြင် Cosmetic ကိုစစ်ရပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့လူမျိုးများဟာ ယောကျ်ားရော၊ မိန်းမရော အလှပြင်ပစ္စည်းတွေ သုံးလာပါတယ်။ ကောင်းမကောင်းတော့မသိဘူး။ လိမ်းလိုက်ကြတာအများကြီးပါ။ Cosmetic ကိုစစ်ရတဲ့အပြင် နောက်ပိုင်းအခုသုံးနေတဲ့ Medical Devide ဆိုတာ လူတွေကို ထိခိုက်နိုင်မှုရှိ/မရှိ။ ကျွန်တော်တို့ ဌာန အနေနဲ့ကတော့ Food နဲ့ Drugကို မနည်းစစ်နေရတဲ့အတွက် Cosmetic အဆင့်ကို မလိုက်နိုင်သေး ပါဘူး။ Medical Devide ကိုလည်းစစ်ဖို့ ကျွမ်းကျင်တဲ့လူတွေ အခုအချိန်မှာ Traning စပို့နေတဲ့

အနေအထား ဖြစ်ပါတယ်။ ဒါပေမယ့် FDA ဟာဖွဲ့စည်းပုံအသစ်လိုတဲ့အတွက် တိုးချဲ့ဖွဲ့စည်းဖို့လိုတဲ့အတွက် ယခင် ကျန်းမာရေးဦးစီးဌာနအောက်မှာရှိတဲ့ Section လေးတစ်ခုဖြစ်တဲ့ Food and Drug and Administration ကို အခုချိန်ခါမှာ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်ကို တင်ပြပြီးတော့ သီးခြားဖွဲ့စည်းဌာန တစ်ခုအဖြစ်နဲ့ ဖွဲ့စည်းပုံကျလာပြီဖြစ်ပါတယ်။ ညွှန်ကြားရေးမှူးချုပ်တစ်ဦး ဦးဆောင်ပြီးတော့ ပြည်နယ်နှင့်တိုင်းများမှာပါ အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ဖို့အတွက် ရရှိပြီးဖြစ်ပါတယ်။ ရရှိလာတဲ့ဖွဲ့စည်းပုံကိုလည်း လွှတ်တော်ကို တင်ပြထားပြီးဖြစ်ပါတယ်။ မကြာခင်မှာ ဘတ်ဂျက်ခွဲဝေပေးပြီးလို့ရှိရင် ခန့်ထားပြီးတော့ FDA ရဲ့ လုပ်ငန်းဆောင်တာများကို တိုးတက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ အဲ့ဒီမှာ Traning Capacity ကိုလည်း ကျွန်တော်တို့က တိုးရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံချဲ့လိုက်တဲ့အခါမှာ Traning Capacity မှာ Internal Traning Capacity ဆိုတော့ ကျွန်တော်တို့ ဌာနအတွင်းက သင်နိုင်တဲ့၊ လေ့ကျင့်ပေးနိုင်တဲ့ အတိုင်းအတာအပြင် Extrnal Traning Capacity လည်းလိုတဲ့အတွက် တတ်နိုင်သမျှ ကြိုးစားပါမယ်။ ကျန်တဲ့အဖွဲ့အစည်းများလည်း တတ်နိုင်သမျှဝိုင်းဝန်းကြိုးစားပေးကြပါလို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျေးဇူးတင်ပါတယ် ပြည်ထောင်စုဝန်ကြီး။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အဲဒီပြဿနာလေးဟာ တော်တော်လေးဆိုးလှပါတယ်။ ဒီကွမ်းယာဆိုင်က စပ်ဆေးတွေသောက်ပြီးတော့ ပျောက်သွားတယ်လို့ ထင်ရတယ်။ တစ်ခါလာလည်း ဆရာဝန်ကတော့ ဒီလိုပဲပေးတဲ့ဆေးပါပဲ။ သို့သော်လည်း ကြည့်လိုက်တဲ့အခါကျတော့ စိတ်ထဲလွယ်ကူတယ်ထင်တယ်။ ဒီတစ်ခါလာ ဒီဆေးပေးတော့ နောက် တစ်ခါလာလဲ ဒါလေးနဲ့တူရင် ဒီဆေးသောက်ရင် ရမှာပဲလို့ထင်နေကြတယ်။ ခုနက ပြောသလို စပ်ဆေးတွေပါပဲ။ အဲဒီတော့ အဲဒီလောက်လွယ်ကူရင်တော့ ဆရာဝန်ပညာကို ၆ နှစ်၊ ၇ နှစ် Intend အပါအဝင် ဘယ်သူက သင်ကြတော့မှာလည်းခင်ဗျား။ ထိုနည်းအတူတူပါပဲ တခြားသော ပညာရပ်တွေက သူ့ဟာနဲ့သူ သူ့အတိုင်းအတာနဲ့သူတန်ဖိုးရှိလို့ သူ့ရဲ့အချိန်ကာလတွေ၊ ကျွန်တော်တို့ တရားဥပဒေနဲ့ ပတ်သက်ရင်လည်း တရားဥပဒေ ၄၊ ၅ နှစ်သင်ခဲ့ရတယ်ဆိုတာ အလုပ်သင်ရှေ့နေ တစ်နှစ်လုပ်ခဲ့ရတယ်။ အလာဟသ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကာတွန်းလေးမှာတောင် ရှိပါတယ်။ အများလည်းသိပြီးသားပါ။ စက်ပျက်လို့ပြင်ဖို့အတွက် ဘယ်လိုပြင်ရမှန်းမသိတော့ စက်ဆရာခေါ်တော့ တူနဲ့တစ်ချက်ထုလိုက်တော့ကောင်းသွားတယ်။ အဲဒီတော့မှ ဘယ်လောက်လဲဆိုတော့ ငွေ ၅၀၀ ကျပါတယ်။ ဟာ တူလေးနဲ့ တစ်ချက်ထုတာ ငွေ ၅၀၀ ကျသလားဆိုတော့ ဟုတ်ပါတယ်။ တူနဲ့ထုတာကတော့ တစ်ကျပ်ပဲကျပါ

တယ်။ ဒါပေမယ့်လို့ တူနဲ့ထုဖို့ လိုမလိုဆိုတာက နောက်တစ်ချက်က ဘယ်နေရာကို ထုရမလဲ ဆိုတာရယ်၊ အားဘယ်လောက်နဲ့ ထုရမလဲဆိုတာရယ်က ၄၉၉ ကျပ်ကျပါတယ်။ ဒါ့ကြောင့်မို့လို့ ဆရာဝန်တွေရဲ့ အတိုင်းအတာနဲ့လည်းပဲ ကိုယ်ပေးတဲ့ဆေးဟာ ဆရာဝန်တွေရဲ့ဆေးမှာပါတဲ့ ကျွန်တော်တို့ရဲ့ ပါဝင်နေတဲ့ Chemical တွေရော၊ ပါဝင်နေတဲ့ အားတွေရော မူတည်ပြီးတော့မှ ပေးတာပါ။ ဒါကို ကျွန်တော်တို့တစ်တွေကတော့ ဆေးလေးတစ်လုံးပဲလို့ မြင်ပြီးတော့ သောက်မိရင် ဒါ ကျွန်တော်တို့ တစ်တွေရဲ့ ပညာပေးမှု။ ပေးတော့ ပေးနေတာပဲ အားနည်းနေလို့လဲ ဖြစ်ပါလိမ့်မယ်။ သို့သော်လည်း ဒါမှ မဟုတ်ရင်လည်းပဲ ကျွန်တော်တို့ ပြည်သူလူထုကလည်း လိုက်နာနိုင်မှုများ နည်းနေသလားလို့ Enforcement ဆိုတဲ့နေရာမှာ နှစ်ဦးနှစ်ဖက်လိုပါတယ်။ ပေးသူက ပေးပေမယ့်လို့ ယူသူက မယူရင် လည်းဘဲ ကျွန်တော်တို့ ခက်ပါတယ်။ ဒါကြောင့်မို့လို့ အခုဆိုရင်လည်း ကြုံလို့ပြောရရင်တော့ မော်တော်ကားတွေလည်း လမ်းမှာ အန္တရာယ်တွေအမျိုးမျိုးဖြစ်ပါတယ်။ ယာဉ် အန္တရာယ်တွေ လည်း အမျိုးမျိုးဖြစ်ပါတယ်။ ဒီကနေ့အထိလည်း မော်တော်ယာဉ် ကျွန်တော်တို့ အဝေးပြေးလမ်းမပေါ်မှာ အချက်ပြနေတာ မှားနေတုန်းပဲ။ သက်ဆိုင်ရာကပြောတဲ့အခါမှာ ပညာပေးနေပါတယ်။ ဒါပေမယ့် ပညာပေးပုံပေးနည်းက ကျွန်တော်တို့ လေ့လာလိုက်တဲ့အခါကျတော့ အင်မတန်စိတ်ဝင်စားတဲ့ ရုပ်သံဇာတ်လမ်းတွဲတွေကြားထဲမှာ ပေးတာမဟုတ်ဘဲနဲ့ ရုံးမဆင်းသေးခင် ညနေ ၄ နာရီတို့၊ ဘာတို့မှာ ပေးတဲ့အခါကျတော့ ဘယ်သူမှလည်း မကြည့်နိုင်ကြဘူး။ အဲ့ဒီလိုနေရာမှာ သွားပညာပေးတော့ ဘယ်သူကရလဲ တီဗွီတောင်မဖွင့်ဘူး။ အိမ်မှာ ကားမမောင်းတဲ့လူ၊ အိမ်မှာ အပြင်မထွက်တဲ့လူကပဲ ဖွင့်တော့ သူကလည်း ပြန်ပြောဖို့ဟာ စိတ်ဝင်စားချင်မှ ဝင်စားမယ်။ ဒါကြောင့်မို့ ပညာပေးတဲ့ နေရာမှာလည်း Enforcement လို့ ပြောပေမယ့်လို့ ပေးတဲ့သူကလည်း ထိရောက်အောင် ပေးဖို့ လိုပါတယ်။ ယူရမယ့်လူကလည်း ရအောင်ယူတတ်ဖို့လည်း လိုပါတယ်။ ဒါကြောင့်မို့လို့ နှစ်ဦးနှစ်ဖက် ပါပဲ။ ကျွန်တော် အကြံပေးရရင်တော့ ဆရာကြီးတို့ဘက်ကလည်း ကြိုးစားပြီးတော့ ပညာပေးပါ ခင်ဗျား။ ကျွန်တော်တို့ ပြည်သူလူထုကလည်း ကိုယ်စားလှယ်တော်ကြီးများအပါအဝင် ကြိုးစားပြီး တော့ ဒါကို ဖြန့်ဝေပြီးတော့ ရအောင်ယူပါ့မယ်ခင်ဗျား ဒီပညာတွေကို။ ကျေးဇူးအများကြီးတင်ပါတယ်။

**အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံအား ၅၀ ခုတင်သို့ တိုးမြှင့်ပေးရန်နှင့် ပြည်သူ့ဆေးရုံ အဆောက်အဦး၊ ဆရာဝန်နေအိမ်နှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ ။** ။ ဆက်လက်ပြီးတော့ အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးညီညီမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်မှာရှိတဲ့ ပြည်သူ့ဆေးရုံမှာ ဆိုလို့ရှိရင် ကျွန်တော်တို့ တိုးပွားလာတဲ့ လူဦးရေနှင့်အညီ ပြည်သူလူထုအနေဖြင့်၊ ဒေသခံပြည်သူများအနေ ဖြင့် လူနာတင်ခုတင်များ တိုးမြှင့်ပြီးတော့ တည်ဆောက်ပေးရန် အလွန်ပင် လိုလားလျက်ရှိပါတယ်။ တစ်ခါ ပြည်သူ့ဆေးရုံကြီးအနေနဲ့လည်း ကြာမြင့်ပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ခွဲစိတ်ခန်းတို့၊ လူနာခန်းတို့ တစ်ခါ ဆရာဝန်နေအိမ်တို့၊ ဝန်ထမ်းအိမ်ရာတွေဟာလည်း ပျက်စီးယိုယွင်းလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ခုတင် ၂၅ ခုတင်မှ ခုတင် ၅၀ ကို တိုးမြှင့်ပေးဖို့ အစီအစဉ်ရှိပါသလား။ ပျက်စီးနေတဲ့ ခွဲစိတ်ခန်းတို့၊ ဆရာဝန်နေအိမ်တို့၊ ဝန်ထမ်းအိမ်ရာတို့ကိုလည်း ပြုပြင်ပေးရန်အစီအစဉ် ရှိပါသလားဆိုတာကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်ရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားရမယ်ဆိုရင် အုတ်တွင်းမြို့နယ် ၂၅ ခုတင်ဆံ့ပြည်သူ့ဆေးရုံကို ခုတင် ၅၀ အဆင့်ကို တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ ပြည်သူ့ဆေးရုံအတွင်းမှာရှိတဲ့ အဆောက်အအုံ၊ ဆရာဝန် နေအိမ်နဲ့ ဝန်ထမ်းအိမ်ရာပြုပြင်ဆောက်လုပ်ပေးခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ သာမန်အသုံးစရိတ်ရန်ပုံငွေနဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ညောင်ပင်သာကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဂါရဝပြု ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ မေးခွန်းလေး မေးမြန်းချင်ပါတယ်။ ရွှေဘိုမြို့နယ် ညောင်ပင်သာကျေးရွာဟာ ရွှေဘိုမြို့ရဲ့အနောက်ဘက် ၁၂ မိုင်အကွာမှာရှိတဲ့ တိုက်နယ်ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖြစ်တဲ့ ခါးတောင်းကြီးကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကျားရွာကျေးလက်ကျန်းမာရေးဌာနခွဲ၊ မင်းကင်းကျေးလက်ကျန်းမာရေးဌာနခွဲ၊ လိပ်ချင်းကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကုန်းသာကျေးလက်ကျန်းမာရေးဌာနခွဲတို့ဟာ ညောင်ပင်သာကျေးလက်ကျန်းမာရေးဌာနခွဲရဲ့ စီမံခန့်ခွဲမှုနဲ့ ကျေးလက်ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးနေတာ ၄၆ နှစ်ကြာခဲ့ပြီဖြစ်ပါတယ်။ ယခုအခါ ရွှေဘိုမြို့ ရတနာသိယ်တံတားကြီးသည် ဧရာဝတီမြစ်ကိုဖြတ်ပြီး တည်ဆောက်နေပြီဖြစ်သည်။ တစ်ဆက်တည်းသော လမ်းမကြီးဟာ ရွှေဘိုမြို့မှ တစ်ဆင့် ညောင်ပင်သာကျေးရွာကို ဖြတ်ပြီး အိန္ဒိယနယ်စပ်အထိ စီမံကိန်းချဆောင်ရွက်နေသည်ဖြစ်ခြင်းကတစ်ကြောင်း၊ ၎င်းလမ်းကြီးဘေးမှာရှိတဲ့ ညောင်ပင်သာစိုက်ပျိုးရေးသိပ္ပံဟာလည်း စိုက်ပျိုးရေးတက္ကသိုလ်အဖြစ်တည်ဆောက်တော့မှာ ဖြစ်တာကတစ်ကြောင်းတို့ကြောင့် ရွှေဘိုခရိုင်မှာ အဓိကကျတဲ့ နယ်မြေဟာ ညောင်ပင်သာကျေးရွာဖြစ်လာပါတယ်။ အဲဒါကြောင့်မို့လို့ ကျေးလက်ပြည်သူများရဲ့ကိုယ်စား ညောင်ပင်သာကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ကျေးလက်နေပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်သို့ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်သန်းရဲ့မေးခွန်းကို ကျွန်တော့်အနေနဲ့ ဖြေကြားရမယ်ဆိုရင် ဒီညောင်ပင်သာကျေးရွာမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

## ဦးသိန်းညွန့်၊ သဃ်န်းကွျန်းမဲဆန္ဒနယ်က ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန်အဆို တင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကိုဆက်လက်ဆောင်ရွက်ပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ဦးသိန်းညွန့်၊ သဃ်န်းကွျန်းမဲဆန္ဒနယ်က ၁၈၆၁ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ ပြည်သူ့လွှတ်တော်ကလက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဦးသိန်းညွန့်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကွျန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သောကြာနေ့လည်းဖြစ်တယ်။ အချိန်လည်းဆိုတဲ့အချိန်မှာ ကျွန်တော်က ၁၈၆၁ ကပြဋ္ဌာန်းခဲ့တဲ့ ရာဇသတ်ကြီးကို ပြင်တဲ့ဥပဒေကြမ်း ဆိုတာ အကြောင်းအရာ ၃ မျိုးကို ဥပဒေကြမ်း ၅ ခုကိုပေးပို့ထားပါတယ်။ ဒီဥပဒေကြမ်း ၅ ခုကို ပြီးခဲ့တဲ့ အတွေ့အကြုံတွေအရ အကျယ်တဝင့်အချိန်ယူပြီး ရှင်းလင်းရမည့်ဥပဒေတွေလည်းပါပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်အရင်ဆုံး လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးကိုတင်ပြချင်တာက ဒီနေ့မှာ အရေးကြီး ဆုံးပြင်ဆင်ချက်ဥပဒေကြမ်းတစ်ရပ်ကိုပဲဆွေးနွေးခွင့်ပြုပြီးတော့ ကျန်သင့်လျော်မည့်ရက်မှာ ကျန် ဥပဒေကြမ်း ၄ ခုကို တစ်ရက်တည်းဆွေးနွေးပေးပါ့မယ်။ ဒါအရင်ဆုံး ကျွန်တော်ပန်ကြားတာပါ။ အဲ့တော့ ကျွန်တော်ဦးစားပေးပြီးတော့ ဒီနေ့ဆွေးနွေးတင်ပြမည့်ဥပဒေကတော့ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၇၆ အရပ်အခေါ် မုဒိမ်းမှုနှင့်ပတ်သက်ပြီး ချမှတ်ထားတဲ့ပြစ်ဒဏ်ပါ။ ဒီပြစ်ဒဏ်တွေထဲမှာလည်း ဥပဒေစကားလုံးတွေကို နောင်ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခွင့်ရရင်တော့ အဲ့ဒီမှာ အသေးစိတ်

ဖတ်ကြားပြီးတော့ ရှင်းပြပါ့မယ်။ ဒီဥပဒေကြမ်းကိုလက်ခံသင့်/မခံသင့်၊ ဆွေးနွေးခွင့်ပေးသင့်/မပေးသင့်အဆင့်ဖြစ်တဲ့အတွက် လိုရင်းကိုပဲတင်ပြရရင် ၃၇၆ မှာပြင်ဆင်ထားတဲ့အချက်ကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ကလေးသူငယ်ဥပဒေမှာလည်း ကလေးသူငယ်ဆိုတာ အသက် ၁၆ နှစ်မပြည့်သေးတဲ့အရွယ်ကိုဆိုတယ်လို့ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ၁၆ နှစ်မပြည့်သေးတဲ့ကလေးသူငယ်တွေကို မုဒိမ်းကျင့်ခံရသောမိန်းမသည့် အသက် ၁၆ နှစ်မပြည့်သေးသောကလေးသူငယ်ဖြစ်လျှင် မုဒိမ်းမှုကျူးလွန်သူကို သေဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဆိုတဲ့ပြင်ဆင်ချက် ကျွန်တော်တင်သွင်းရခြင်းဖြစ်ပါတယ်။ ဘာကြောင့် ကျွန်တော် ဒီလိုတင်သွင်းရသလဲဆိုရင် အခုတစ်လော မီဒီယာတွေမှာ ရေးသားဖော်ပြချက်သတင်းများအရ အသက်မပြည့်သူကလေးသူငယ်တွေအပေါ်မှာ ကျူးလွန်တဲ့ မုဒိမ်းမှုများဟာ အင်မတန်မှများပြားလာတာတွေ့ရပါတယ်။ ဒီထဲမှာ မြန်မာ့လူ့အဖွဲ့အစည်းအတွက် အင်မတန်တုန်လှုပ်စရာကောင်းတဲ့ သတင်းတွေလည်း ကျွန်တော်တို့ ဖတ်ရပါတယ်။ အဲ့ဒီမှာ ဘယ်လောက်အထိ လူ့အဖွဲ့အစည်းကိုတုန်လှုပ်စေသလဲဆိုရင် ဖခင်အရင်းဖြစ်သူက သမီးအရင်းဖြစ်သူကို မုဒိမ်းကျင့်တဲ့အမှုတွေပါ။ အရက်မူးလို့မုဒိမ်းကျင့်တာဖြစ်သလို၊ အရက်မမူးဘဲနဲ့ ငါးဖမ်းရင်းနဲ့ ငါးဖမ်းရင်းနဲ့မုဒိမ်းကျင့်တဲ့အမှုတွေ နေ့စဉ်ရက်ဆက်နီးပါးလောက် ပြည်တွင်းထုတ်ဂျာနယ်တွေမှာ ဖော်ပြလာပြီဖြစ်ပါတယ်။ အဲ့ဒီတော့ အရင်ခေတ်တုန်းကလည်း အရင်တုန်းကဒီလိုဖြစ်ရပ်မျိုးတွေမရှိခဲ့ဖူးလားဆိုရင် ရှိခဲ့ပါတယ်။ သို့သော် အင်မတန်မှကို အရေအတွက်နည်းပါတယ်။ အဲ့ဒီတုန်းကလည်း တရားစီရင်ထုံးတွေမှာ ဘယ်လောက်ထိဖော်ပြထားလဲဆိုရင် ဒီလို အမှုမျိုးနှင့်ပတ်သက်ရင် ဘယ်လို ပြစ်ဒဏ်မျိုးချမှတ်သင့်သလဲဆိုတာ ပြည်ထောင်စုနှင့် မောင်အောင်ကြည် ၁၉၇၄ မြန်မာပြည်စီရင်ထုံး ၆၂ အထူးအယူခံမှုအမှတ် ၇၇ မှာ ဘယ်လိုလမ်းညွှန်ထားသလဲဆိုတော့ ဖခင်ဖြစ်သူက သမီးဖြစ်သူကို မုဒိမ်းကျင့်ခြင်းသည် လူမဆန်သည့်ကိုယ်ကျင့်တရားပျက်ကွက်ခြင်းဖြစ်၍ ဟန့်တားနိုင်လောက်သော ပြစ်ဒဏ်ကိုချမှတ်ရမည်ဆိုပြီးတော့ စီရင်ထုံးပြုလမ်းညွှန်ထားပါတယ်။ အဲ့ဒီတော့ ပြစ်ဒဏ်ပေးတဲ့ သီအိုရီတွေကို လေ့လာကြည့်တဲ့အခါမှာ ထိုက်သင့်တဲ့ပြစ်ဒဏ်ပေးခြင်း ဒါကတော့ လူ့အဖွဲ့အစည်းရဲ့ဘဝလုံခြုံမှုအတွက် လူ့အဖွဲ့အစည်းဝင်တွေရဲ့ခံစားမှုတွေကို ကျေနပ်အောင်နှစ်သိမ့်တဲ့အနေနဲ့ပေးတဲ့ ပြစ်ဒဏ်ပါ။ နောက်တစ်ခုကတော့ ခုနက စီရင်ထုံးမှာ ညွှန်ထားတဲ့ ဟန့်တားသောပြစ်ဒဏ်ပေးခြင်း၊ ဒါက ဒီလို ကြီးလေးတဲ့ပြစ်မှုတွေမှာ ပြစ်မှုကျူးလွန်ဖို့ အလားအလာရှိတဲ့သူတွေကို နောင်မကျူးလွန်အောင် ကြောက်သွားအောင်၊ နောက်ထပ်မလုပ်ရဲအောင် ဟန့်တားဖို့အတွက် သတ်မှတ်ထားတဲ့ပြစ်ဒဏ်ပါ။ တတိယပြစ်ဒဏ်ကတော့ ပြုပြင်ပြောင်းလဲရေးအတွက် ပြစ်ဒဏ်၊ ဒါကတော့ သေးငယ်တဲ့ကိစ္စ၊ အခြားထူးခြားတဲ့ကိစ္စမျိုးတွေမှာ အဲ့ဒီတော့

ရာဇသတ်ကြီးဥပဒေကိုပဲကြည့်လိုက်ရင် သေဒဏ်မပေးမနေရပေးရမည့်ပုဒ်မက ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂(၁)ပဲရှိပါတယ်။ လူသတ်မှုကိုစနစ်တကျစီစဉ်ပြီးတော့ ကြံရွယ်ပြီးတော့ သတ်တဲ့ကိစ္စပါ။ နောက်ကျန်တဲ့ပုဒ်မတွေမှာကတော့ သေဒဏ်ချမှတ်ခြင်းခံရနိုင်တဲ့ပြဋ္ဌာန်းချက် ၅ ရပ်ရှိပါတယ်။ အဲ့ဒါကတော့ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု ရာဇသတ်ကြီးမှာ ပုဒ်မ ၁၂၂ နောက်စစ်ပုန်ကန်မှု ကိုအားပေးတာ ဒါက ပုဒ်မ ၁၃၂ နောက်တစ်ခုကတော့ ကလေး၊ ရူးသွပ်သူ၊ မိမိကိုယ်ကိုသတ်ဖို့ အားပေးကူညီတာ ဒါကတော့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၅၊ လူသတ်မှုမှာပါဝင်တဲ့ ခားပြမှုကို ကျူးလွန်တဲ့သူ ဒါက ပုဒ်မ ၃၉၆ နောက်တစ်ခုကတော့ တစ်သက်တစ်ကျွန်းဒဏ်ကျခံစဉ်မှာ လူသတ်မှုကျူးလွန်ရန်အားထုတ်ရာ၌ သူတစ်ပါးကိုနာကျင်စေတဲ့ ပုဒ်မ ၃၀၇ ဒီပြစ်မှု ၅ ရပ်ကတော့ သေဒဏ်ချမှတ်ခံရနိုင်တဲ့ပြဋ္ဌာန်းချက်တွေဖြစ်ပါတယ်။ လေးစားရသော ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးဥပဒေမှာတွေလည်း မူးယစ်ဆေးဝါးတို့တွေ မှာ သေဒဏ်ကိစ္စတွေပါပါတယ်။ သို့သော် ဒီမှာကတော့ ရာဇသတ်ကြီးကို ပြင်တဲ့ဥပဒေဖြစ်တဲ့အတွက် ရာဇသတ်ကြီးပါပုဒ်မတွေပဲ ပြောချင်ပါတယ်။ အဲ့တော့ ဒီနေ့ အသက်မပြည့်သေးတဲ့ကလေးသူငယ်တွေအပေါ်မှာ ဖခင်ဖြစ်သူ ကိုယ်တိုင်က မုဒိမ်းမှုကျူးလွန်နေတဲ့အခြေအနေမျိုးဖြစ်ပျက်လာတဲ့အခါမှာ ဥပဒေဆိုတာ ကာလဒေသ၊ ပရောဂအခြေအနေ၊ ကိုယ့်ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ကိုယ့်နိုင်ငံရဲ့အခြေအနေအရ ပြဋ္ဌာန်းကျင့်သုံး ရမှာ ဖြစ်ပါတယ်။ ပြီးတဲ့အခါမှာ ရှေ့မှာလည်း အလားအလာတစ်ခု တွက်ထားဖို့လိုပါတယ်။ ကျွန်တော် တို့နိုင်ငံက တံခါးဖွင့်ပေးလိုက်တဲ့အတွက် ကောင်းတဲ့အကျိုး သက်ရောက်မှုတွေသက်ရောက်မှာ ဖြစ်သလို တချို့ တချို့သော နိုင်ငံခြားသားများက မြန်မာနိုင်ငံလာရောက်တဲ့ ရည်ရွယ်ချက်ထဲမှာ အိမ်နီးချင်းနိုင်ငံတချို့မှာ ဖြစ်သလိုပဲ ကလေးသူငယ်တွေနဲ့ပျော်ပါး ချင်လို့လာရောက်ကြတာ ဖြစ်ပါတယ်။ အခုပဲ အဲ့ဒီလိုသတင်းမျိုးတွေ စတင်ပြီးတော့ကြားနေရပါတယ်။ အဲ့ဒီတော့ အဲ့ဒီလို အချိန်မျိုးမှာ ပြဋ္ဌာန်းဥပဒေက ဒီပြစ်မှုမျိုးမကျူးလွန်အောင် ကြောက်လန့်နေအောင် ဟန့်တားဖို့ လိုပါတယ်။ ကမ္ဘာ့နိုင်ငံတွေမှာလည်း သေဒဏ်ချမှတ်နိုင်ဖို့ပေးထားတဲ့နိုင်ငံတွေ၊ သေဒဏ်ကိုတောင် နိုင်ငံတစ်ခုနှင့် တစ်ခုမတူကွဲပြားအောင်သတ်မှတ်ထားတာတွေရှိပါတယ်။ အမေရိကန်နိုင်ငံ မှာပင်လျှင် ပြည်နယ်တစ်ခုနှင့် တစ်ခုမှာ သေဒဏ်နဲ့ပတ်သက်တဲ့သဘောထား မတူညီကြပါဘူး။ သို့သော် ဒါက အခြားနိုင်ငံတွေရဲ့အတွေ့အကြုံပါ။ ကျွန်တော်တို့ နိုင်ငံမှာတော့ ယနေ့ ကမ္ဘာ့ရှေးအကျ ဆုံးပြစ်ဒဏ် ဖြစ်တဲ့သေဒဏ်ပြဋ္ဌာန်းချက်ကို ကလေးသူငယ်တွေအပေါ်မှာ ကျူးလွန်လာတဲ့ပုဂ္ဂိုလ်များကို ဟန့်တားဖို့ သုံးသင့်ပါတယ်။ ဒါက ဒီသေဒဏ်နှင့်ပတ်သက်တဲ့သဘောထားအချက်ပါ။ နောက်တစ်ချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကလေးသူငယ်တွေနှင့်ပတ်သက်ပြီးတော့ အကာအကွယ်တွေပေး

ထားတာရှိပါတယ်။ ဒီအကာအကွယ်တွေမှာ ကလေးသူငယ်တွေခံစားနိုင်ကြဖို့လိုပါတယ်။ အလားတူပဲ ကျွန်တော်တို့နိုင်ငံက လက်မှတ်ရေးထိုးခဲ့တဲ့ ၁၉၉၁ ခုနှစ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အပိုဒ် ၃၄ မှာလည်း ကလေးသူငယ်အားလုံးသည် လိင်မှုကိစ္စစော်ကား ညှဉ်းပမ်းခြင်းမှအကာအကွယ်ရပိုင်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲ့တော့ ဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ လက်မှတ်ထိုးခဲ့တဲ့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်အပိုဒ် ၃၄ အရ ထိရောက်တဲ့အကာအကွယ်တွေပေးနိုင်ဖို့ဆိုရင် ဟန့်တားတဲ့ ပြစ်ဒဏ်တွေချမှတ်နိုင်ဖို့ ရာဇသတ်ကြီးပုဒ်မ ၃၇၆ မှာ ကလေးသူငယ်ကိုကျူးလွန်တဲ့သူတွေကို သေဒဏ်အပြင် ငွေဒဏ်လည်းချမှတ်နိုင်တယ်ဆိုတဲ့အချက်ကို ပြင်ဆင်ဖို့ပြည်သူ့ဒုတိယ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်သူ့လွှတ်တော်ကို ကျွန်တော်တင်သွင်းပါတယ်။ ဒီနေရာမှာ ကျွန်တော်အဓိက ပြောချင်တဲ့ အချက်တစ်ချက်ကတော့ ကျွန်တော်တင်သွင်းတဲ့ ဥပဒေသည် ကျွန်တော်တို့လူ့အဖွဲ့အစည်းကို အကာအကွယ်ပေးသင့်တဲ့ ကာကွယ်ပေးဖို့စေတနာနဲ့တင်သွင်းတဲ့ဥပဒေဖြစ်တဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့်လေးတော့ကြားနာခွင့်ပြုသင့်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးတစ်ခါပြောတာ ကျွန်တော်မှတ်မိပါတယ်။ ဥပဒေကြမ်းတွေတင်လာရင်ဆွေးနွေးခွင့်ပေးလိုက်ပါ။ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြီးတော့မှ အသုံးမပြုသင့်ဘူးဆိုရင်လည်း လွှတ်တော်ကပယ်တာပေါ့။ ဟိုတစ်နေ့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦးပြောသလို ဥပဒေကိစ္စတွေဆိုတာ ကျယ်ကျယ်ပြန့်ပြန့်ပြောရမှာ ဖြစ်ပါတယ်။ အထောက်အထားတွေနဲ့ပြောရမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဒီကလေးသူငယ်တွေကို ကာကွယ်ဖို့အတွက်ဥပဒေကိုတော့ ကျယ်ကျယ်ပြန့်ပြန့် ပြည်သူ့လွှတ်တော်ကြီးက ကြားနာနိုင်ဖို့အတွက် တရားရုံးချုပ်မှာ လျှောက်လဲသလိုပါပဲ။ လက်ခံပေးပါရန် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ လျှောက်လဲအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် တင်သွင်းသွားတဲ့အဆိုကိုထောက်ခံမည့် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းတဲ့ ၁၈၆၁ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် လက်ခံဆွေးနွေးရန်သင့်တော်တဲ့အတွက် ကျွန်တော် ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေက လေးစားစွာထောက်ခံပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် တင်သွင်းသွားတဲ့ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့သဘောထားကိုသိလိုပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မနည်းနည်းတင်ပြချင်ပါတယ်။ ဒီ ဦးသိန်းညွန့်ရဲ့ တင်သွင်းတဲ့အဆိုကို ကျွန်မနည်းနည်းဝင်ရောက်ပြီး တင်ပြချင်ပါတယ်။ ဘာလဲဆိုတော့ ကျွန်မ အမျိုးသမီးတစ်ဦးဖြစ်နေလို့ပါ။ ဒီနေ့ Weekly Eleven မှာလဲ ဦးသိန်းညွန့်ပြောတဲ့ကိစ္စပါသွားပါတယ်။ ပုသိမ်ကြီးမြို့နယ်မှာ ဖခင်ဖြစ်သူက သမီးအရင်းဖြစ်သူနှစ်ဦးအားသားမယားအဖြစ် ပြုကျင့်ဆိုတာ အဲဒါ ကျွန်မတို့အတွက် တော်တော်လေးကို ခံစားရတဲ့ ပြစ်မှုတစ်ခုဖြစ်နေပါတယ်။ နောက်ပြီးတော့ ဒီကလေးသူငယ်လေးတွေကို မတော်မတရားနှိပ်စက်၊ မုဒိမ်းကျင့်တာလေးတွေပဲ ကျွန်မတို့အမျိုးသမီးအနေနဲ့ကြည့်ရင် အလွန်နစ်နာမှုလည်းရှိပါတယ်။ ဒါကြောင့် ဒီဥပဒေတွေဟာ အခုခေတ်နဲ့ဆိုရင် မလျော်ညီတော့ပါဘူး။ နောက် အခုလုပ်နေတဲ့လူတွေကို ပေးသင့်ပေးထိုက်အပြစ်ကြီးကြီးတွေပေးမှ နောင်မလုပ်ရဲ မကိုင်ရဲအောင် ကျွန်မတို့တွေဟာ ဒီလွှတ်တော်ကနေပြီးတော့ပြစ်ဒဏ်တွေကို တိုးမြှင့်ပေးသင့်ပါတယ်။ အဲဒါမှလဲ ဒီပြစ်မှုတွေဟာ နည်းနည်းလျော့ကျ သွားလိမ့်မယ်လို့ ကျွန်မလည်းယုံကြည်ပါတယ်။ နောက်ပြီးတော့ ရခိုင်အရေးအခင်းစသွားခဲ့တာလည်း မသီတာထွေးဆိုတဲ့ အမျိုးသမီးကို မုဒိမ်းကျင့်တာကနေစပြီးတော့ ပဋိပက္ခအကြီးအကျယ်ကို ဖြစ်သွားပါတယ်။ အဲဒါကြောင့်မို့လို့ ဒီဥပဒေဟာ တော်တော်လေးကို သေဒဏ်အထိကို ချသင့်တယ်လို့ ကျွန်မအနေနဲ့တော့ ထင်မြင်မိပါတယ်။ အဲဒီအတွက်ကြောင့် ဒီဦးသိန်းညွန့် တင်သွင်းတဲ့အဆိုကိုလည်း ကျွန်မအနေနဲ့လိုက်လိုက်လဲလဲ ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားကို သိလိုပါတယ်။

**ဦးအောင်ဇော်သိန်း(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးအောင်ဇော်သိန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား အခု ဒီလွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်သွင်းလာတဲ့ ရာဇသတ်ကြီးကို ပြင်ဆင်ရန် ဥပဒေကြမ်းမှာ ကျွန်တော်တို့ အခု ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၇၆ မုဒိမ်းမှုကျူးလွန်သည်ကို ပြစ်ဒဏ်ချမှတ်ရန် မှတ်ချက်၌ မုဒိမ်းကျင့်ခံရသော မိန်းမသည် အသက် ၁၆ နှစ်မပြည့်သေးသော ကလေးသူငယ်ဖြစ်လျှင် မုဒိမ်းမှုကျူးလွန်သူကို သေဒဏ်ချမှတ်ရမည့်အပြင်

ငွေဒဏ်လည်း ချမှတ်နိုင်သည်ဆိုတဲ့အပိုဒ် ဖြည့်စွက်ပေးဖို့ တင်ပြလာတဲ့အပေါ်မှာ ကျွန်တော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ကိုယ်စား သဘောထားကို တင်ပြသွားမှာဖြစ်ပါတယ်။ ပထမ တော့ လေးခု၊ ငါးခုကို ပေါင်းရှင်းဖို့ဖြစ်ပါတယ်။ ဒါပေမယ့် အခုတစ်ခု၊ ကျန်တဲ့လေးခုကို နောက်မှ တင်ပြမယ်ဆိုတာ သိရတဲ့အတွက် တစ်ခုကိုပဲ ကျွန်တော် ရှင်းလင်းသွားပါမယ်။ ကျွန်တော်တို့ ပြစ်မှုဆိုင်ရာဥပဒေမှာ ကျွန်တော်တို့ ပုဒ်မ ၃၇၆ မှာ မူရင်းပြဋ္ဌာန်းထားတဲ့ဟာလေးကို ကျွန်တော် အနည်းငယ် ဒုတိယ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်နဲ့ ကျွန်တော် မူရင်းပြဋ္ဌာန်းချက်ကလေးကို ကျွန်တော် ဖတ်ပြပါမယ်။ ဒီပုဒ်မ ၃၇၆ ကတော့ ပြစ်ဒဏ်ပေးတဲ့အပိုင်းဖြစ်ပါတယ်။ ပုဒ်မ ၃၇၅ ကတော့ မုဒိမ်းမှုကျူးလွန်တယ်ဆိုတာ မြောက်ဖို့အတွက် ဖော်ပြထားတဲ့ သူရဲ့ Ingredient တွေ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ ၃၇၅ မှာဖော်ပြထားတဲ့အချက် ၅ ချက်မှာတစ်ချက်ချက်နဲ့ အကျုံးဝင်တယ်ဆိုရင် ကျွန်တော်တို့ ၃၇၆ အရ အရေးယူရမှာဖြစ်ပါတယ်။ ၃၇၆ အရ ဒီပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ပေးတဲ့ အခါမှာ ဒီမှာတော့ မူရင်းပြဋ္ဌာန်းချက်ကတော့ အင်္ဂလိပ်လိုဖြစ်ပါတယ်။ သို့ရာတွင် အခုတင်ပြ ပြင်ဆင်ချက်ကတော့ မြန်မာလိုတင်ပြလာတဲ့ဖြစ်တဲ့အတွက် ကျွန်တော် မြန်မာလိုပဲ ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။ အဲဒီတော့ ပုဒ်မ ၃၇၆ မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ် အထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်တယ်။ ဒုတိယပိုင်း ကတော့ မုဒိမ်းကျင့်ခံရသော မိန်းမသည် မိမိမယားဖြစ်၍ အသက် ၁၂ အောက်မဟုတ်လျှင် မုဒိမ်း ကျင့်သောလင်ကို နှစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံးဖြစ်စေ ချမှတ်ရမည်ဆိုပြီး ဖော်ပြထားပါတယ်။ ဒီအထဲမှာ အခု လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြလာတဲ့ အပိုင်းကတော့ ကြားထဲမှာ ကျွန်တော်တို့ ၁၆ နှစ်အောက် မပြည့်သေးတဲ့ကလေးသူငယ် ဖြစ်လို့ရှိရင် မုဒိမ်းမှုကျူးလွန်သူကို သေဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမယ်လို့ ဖော်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ အသက် ၁၆ နှစ်မပြည့်သေးတဲ့ ကလေးသူငယ်ကို မုဒိမ်းမှု ကျူးလွန်လို့ရှိရင် သေဒဏ် မချမနေချမှတ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဖြစ်ပါတယ်။ ဒါလည်း ခုနတုန်းက ပြောသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပါပဲ ကောင်းမွန်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ သို့ရာတွင် ကျွန်တော်တို့ စဉ်းစားဖို့ အချက်ကလေးတွေလည်း ရှိပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ဒီမှာ ထောင်ဒဏ် ၁၀ နှစ်ချနိုင်တဲ့အပြင် တစ်သက်တစ်ကျွန်းဒဏ်လည်း ချမှတ်နိုင်တယ်လို့ ပြောထားတဲ့အတွက် ကျွန်တော်တို့ တစ်သက်တစ်ကျွန်းဒဏ်ဆိုတာကတော့ အခုကာလမှာတော့ ထောင်ဒဏ် အကျဉ်းထောင်လက်စွဲအပိုဒ် ၈၃၃ အရဆိုရင် ထောင်ဒဏ် ၂၀ သို့မဟုတ် ၂၅ နှစ်အထိ ချလို့ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ တစ်ခုစဉ်းစားဖို့ တင်ပြလိုတာကတော့

ဒီဥပဒေကို ကျွန်တော်တို့ ဒီမှာပြင်ဆင်ဖို့အတွက် ပို့တဲ့အခါမှာ ကျွန်တော်တို့ ဒီမှာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်အနေနဲ့ ဒီရာဇသတ်ကြီး ပြည်သူ့လွှတ်တော်ကို ကျွန်တော်တို့ ပို့ခဲ့ပါတယ်။ ဒီအချက်တွေအကုန်လုံးကို ဆွေးနွေးကြပါတယ်။ ဆွေးနွေးပြီးပို့တဲ့အခါမှာ ကျွန်တော်တို့ ပြည်ထောင်စု လွှတ်တော်ရဲ့ သဘောတူညီချက်နဲ့ အမျိုးသားလွှတ်တော်ကို ပို့တယ်လို့ ပြောပါတယ်။ နောက်အခု အဲဒီဘက်ကလည်း သဘောတူပြီးတော့မှ ဒီဘက်ကို ပြန်ပို့လာလို့ အခု ထုတ်ဖို့အခြေအနေရှိကြောင်း ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သေဒဏ်ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ လေ့လာသိရှိတဲ့အခါမှာ ကျွန်တော်တို့ ကျင့်သုံးတဲ့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေသည် ရာဇသတ်ကြီးသည် ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေမှာလည်း ကျင့်သုံးနေပါတယ်။ ဥပမာအားဖြင့် ပြောရလို့ရှိရင် အိန္ဒိယနိုင်ငံမှာလည်း ကျင့်သုံးပါတယ်။ ကျွန်တော်တို့ နီးစပ်ရာစင်ကာပူနိုင်ငံမှာလည်း ကျင့်သုံးပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ ပုဒ်မ ၃၇၆ ကို လေ့လာသိရှိရသလောက် ပြင်ဆင် တာတွေရှိပါတယ်။ သို့ရာတွင် သူတို့ရဲ့ ပြစ်ဒဏ်ပိုင်းမှာတော့ အများဆုံး တစ်သက်တစ်ကျွန်းဒဏ် ဒါကို ပေးထားတာရှိပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့နဲ့ မတူတာကတော့ အများဆုံးပြစ်ဒဏ်ကတော့ သူက တစ်သက်တစ်ကျွန်းဒဏ်ပဲ ဖြစ်ပါတယ်။ သေဒဏ်အထိတော့ ပေးထားတာမတွေ့ပါဘူး။ တစ်သက်တစ်ကျွန်းဒဏ်မှာ သူတို့ မတူတာက တော့ gang rape လို့ခေါ်တဲ့ အိန္ဒိယမှာဆိုရင် ပြဿနာတွေတက်တဲ့ အုပ်စုဖွဲ့မုဒိမ်းကျင့်တာတို့မှာဆိုရင် အနည်းဆုံးပြစ်ဒဏ်တွေ သတ်မှတ်ပါတယ်။ ၁၀ နှစ်တို့၊ သာမန်အချိန်ဆို ၇ နှစ်တို့ ၁၀ နှစ်မချမနေရ။ ပြီးရင် ဒီတစ်သက်တစ်ကျွန်းဒဏ် ချရမယ်။ စသည်ဖြင့် ပြင်ဆင်ထားပါတယ်။ အဲဒီတော့ နိုင်ငံတကာမှာလဲ ဒီသေဒဏ်ပေးတာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ လူ့အခွင့်အရေးနဲ့ ဆက်စပ်ပြီးတော့ အမျိုးမျိုးသော အယူအဆတွေ ကွဲပြားတာ ရှိပါတယ်။ အဲဒီတော့ တချို့နိုင်ငံတွေကတော့ ခုနတုန်းက ပြောသလို သေဒဏ်နဲ့ပတ်သက်လို့ လက်ခံတာ ရှိပါတယ်။ နိုင်ငံတော်တော်များများ အခုလုပ်ရှားမှုအရ သေဒဏ်ကို ဖျက်ပစ်ဖို့ဆိုပြီးတော့မှ တင်ပြပြီးတော့မှာ ပြောနေတာတွေလည်းရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ နိုင်ငံတကာ အခြေအနေနဲ့ဆက်စပ်ပြီးတော့ တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီလို အခြေအနေမှာ မုဒိမ်းမှုကတော့ ခုနတုန်းက ပြောသလိုပါပဲ။ ကျူးလွန်ခံရတဲ့သူဟာ တော်တော်လေးကိုမှ နစ်နစ်နာနာ ထိခိုက်နိုင်တဲ့ ပြစ်မှုမျိုးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကတော့ အခု ဒီ သေဒဏ်ပြင်သင့်/မပြင်သင့်မှာ ခုနတုန်းက ပြောသလို ကိုယ့်ပတ်ဝန်းကျင်နိုင်ငံတွေမှာသုံးတဲ့ ကျွန်တော်တို့နဲ့ Penal Code လို့ခေါ်တဲ့ ရာဇသတ်ကြီးနဲ့ ပတ်သက်လို့ ကျွန်တော်တို့ အိမ်နီးချင်း ပတ်ဝန်းကျင်နိုင်ငံ တွေမှာ သုံးတဲ့ နိုင်ငံတွေရဲ့ ကျွန်တော်တို့ ပြဋ္ဌာန်းချက်တွေ၊ နောက်တစ်ခါ ကျွန်တော်တို့ အခုဖြစ်ပေါ်နေတဲ့ နိုင်ငံတကာမှာ

ဖြစ်ပေါ်နေတဲ့အခြေအနေတွေ၊ ပြစ်ဒဏ်တွေ ဒါတွေကို အားလုံးလေ့လာသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ နောက်တစ်ခုကတော့ ဒီပြစ်ဒဏ်တစ်ခုတည်းကို တိုးမြှင့်တာ ကျွန်တော်တို့ ဒီပြစ်မှုဖြစ်ပွားတဲ့အချိန်မှာ အမျိုးမျိုးသော ပတ်ဝန်းကျင်အခြေအနေတွေ၊ နေထိုင်မှုဘဝတွေ၊ အမျိုးမျိုးသော အခြေအနေတွေ ရှိကြပါတယ်။ အဲဒီတော့ ဒီလို အခြေအနေတွေမှာ ကျွန်တော်တို့သည် ဒီပြစ်မှုနဲ့ ပတ်သက်လို့ ပြစ်ဒဏ်ကို တိုးမြှင့်ရုံနဲ့ ဒီပြစ်မှုဟာ လျော့နည်းသွားမှာလား။ ဒါကတော့ စဉ်းစားရမယ့်အချက်ကလေးတွေဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာ လုပ်ကိုင်ခဲ့တဲ့အပိုင်းမှာ ပြစ်ဒဏ်တိုးတာတွေ ကျွန်တော်တို့ ပြစ်ဒဏ်တွေကို တင်တာတွေလည်း ရှိခဲ့ဖူးပါတယ်။ အဲဒီတော့ ပြစ်ဒဏ်ကို တိုးမြှင့်ပြင်ဆင်ခြင်း အခုဆိုရင်တော့ ဒါအမြင့်ဆုံးပြစ်ဒဏ်ပေါ့။ သေဒဏ်ဆိုတာ မချမနေရ။ ၁၆ နှစ်အောက်ကို Rape လုပ်လို့ရှိရင် သေဒဏ်မချမနေရ ချရမယ်ဆိုတဲ့ ဒီလို ပြဋ္ဌာန်းခြင်းအားဖြင့် ဒီပြစ်မှုဟာ လျော့နည်းသွားနိုင်မှာလား။ ဒါတွေကလည်း ကျွန်တော်တို့ သုံးသပ်ဖို့ လိုပါတယ်။ ကျွန်တော်တို့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလိုပဲ ကျွန်တော်တို့ ပြစ်မှုဆိုင်ရာ ဥပဒေမှာ သေဒဏ်ချနိုင်တဲ့အမျိုးအစားတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ ဒီမှာ Rape နဲ့ဆက်စပ် ပြီးပြောရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ Rape လုပ်တယ်။ Murder ပါတယ်ဆိုလို့ရှိရင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂ ၁(ဂ)အရ ကျွန်တော်တို့ သေဒဏ်မချမနေ ချကို ချရပါမယ်။ ဒါမျိုးတွေဟာလည်း ကျွန်တော်တို့ အများအပြား ရှိပါတယ်။ ဒီလိုအမှုမျိုးတွေမှာလည်း ကျွန်တော်တို့အနေနဲ့ Rape လုပ်တယ်။ Murder လုပ်တယ်ဆိုလို့ရှိရင် သူ့ရဲ့ ပြဋ္ဌာန်းချက်အရ ၃၀၂ ၁(ဂ)အရ သေဒဏ်မချမနေရချရတဲ့အမှုမျိုးလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအခု လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ သေဒဏ်ပြင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ ဘေးပတ်ဝန်းကျင်နိုင်ငံတကာရဲ့ အခြေအနေ၊ သူတို့ကျင့်သုံးနေတဲ့ ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်တွေ၊ ထို့အတူ သေဒဏ်တွေကိုတောင် အခု ပယ်ဖျက်ပါဆိုပြီးတော့ လူ့အခွင့်အရေးနဲ့ယှဉ်ပြီးတော့မှ ပယ်ဖျက်ပါဆိုပြီးတော့မှ တောင်းဆိုနေကြတဲ့ အခြေအနေတွေ ရှိကြတဲ့အချိန်မှာဒါကို တိုးဖို့ သင့်/မသင့်ကတော့ ဒါ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရဲ့ ဆုံးဖြတ်ချက်အပိုင်းပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီပုဒ်မ ၃၇၆ နဲ့ပတ်သက်လို့ ကျွန်တော်တို့ရဲ့ တွေ့ရှိချက်လေး သဘောထားလေးကို ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားကိုလည်း သိလိုပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော

ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေကြောင်း ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွန့်တင်သွင်းတဲ့ ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ဒီရာဇသတ်ကြီး ပုဒ်မ ၃၇၆ မှာ ဖြည့်စွက်လိုတဲ့ကိစ္စတွေ ကျွန်တော်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ရာဇသတ်ကြီး ပုဒ်မ ၃၇၆ မှာ မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်မယ့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်တယ်။ မုဒိမ်းကျင့်ခံရတဲ့ မိန်းမသည် မိမိ၏ မယားဖြစ်၍ အသက် ၁၂ နှစ်အောက်မဟုတ်လင့်ကစား မုဒိမ်းကျင့်သော ထိုလင်ကို ၂ နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် ၂ ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ ပြဋ္ဌာန်းထားပါ တယ်။ အဲဒီတော့ ကိုယ်စားလှယ်ကြီးပြင်ဆင်ချက်တင်ပြတဲ့နေရာမှာ ကျွန်တော့်အနေနဲ့ အပိုင်း ၃ ပိုင်း တွေ့ရပါတယ်။ ပထမတစ်ပိုင်းကတော့ ဒီမုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဆိုတဲ့ ပြဋ္ဌာန်း ချက်မှာ ငွေဒဏ်လည်းချမှတ်နိုင်သည်ဆိုတဲ့စကားရပ်ကို ငွေဒဏ်လည်းချမှတ်ရမည်လို့ ပြင်ဆင်လို ကြောင်းတွေ့ရှိရပါတယ်။ ဒီလိုပြင်ဆင်မယ့်ဆိုလိုရှိရင် ထောင်ဒဏ်ကိုမလွဲမသွေချမှတ်ရမယ့်အပြင် ငွေဒဏ်ကိုလည်း မလွဲမသွေချမှတ်ရမယ်လို့ အဓိပ္ပာယ်သက်ရောက်မှာဖြစ်တဲ့အတွက်ကြောင့် သင့်လျော်မှုရှိမည်မဟုတ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ထောင်ဒဏ်ကိုမလွဲမသွေ ချမှတ် ရမည်ဖြစ်ပြီးတော့ ငွေဒဏ်ကိုမူချမှတ်လိုကချမှတ်နိုင်ကြောင်း မူလပြဋ္ဌာန်းချက်အတိုင်း ဒီအပိုဒ်နှင့် ပတ်သက်ပြီးတော့ ထားရှိသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

နောက်ဒုတိယအပိုင်းကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဥပဒေကြမ်းအရ ပုဒ်မ ၃၇၆ မှာ ဥပဒေကြမ်းအရ ဖော်ပြတဲ့နေရာမှာ မုဒိမ်းကျင့်ခံရတဲ့မိန်းမသည် မိမိ၏မယားဖြစ်၍ အသက် ၁၅ နှစ် အောက်မဟုတ်လျှင်ဟု တွေ့ရှိရပါတယ်။ ဖော်ပြချက်ကတော့ အများပြည်သူသိရှိအကြံပြုနိုင်ရန် သတင်းစာမှာဖော်ပြထားတဲ့ ရာဇသတ်ကြီးကိုပြင်ဆင်တဲ့ ဥပဒေကြမ်းပါ ပုဒ်မ ၃၇၅ ကင်းလွတ်ချက်ကို ပြင်ဆင်ထားချက်နှင့် ညီညွတ်စေဖို့ဖော်ပြတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ တရားလွှတ်တော်ချုပ် တရားသူကြီးတင်ပြသွားသကဲ့သို့ ကျွန်တော်တို့ နိုင်ငံမှာကော ခုနက ၃၇၆ နှင့်ပတ်သက်လို့တော့ အိန္ဒိယတို့ဘာတို့မှာလည်း ပြင်ဆင်ချက်မရှိကြောင်း ဆွေးနွေးတင်ပြ လိုပါတယ်။ နောက်တစ်ပိုင်းကတော့ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အထဲမှာ မုဒိမ်းကျင့်ခံရ တဲ့ မိန်းမသည် အသက် ၁၆ နှစ်မပြည့်သေးသော ကလေးသူငယ်ဖြစ်လျှင် မုဒိမ်းမှုကျူးလွန်သူကို

သေဒဏ်ချမှတ်ရမယ့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်တယ်လို့ ပြဋ္ဌာန်းအသစ်ဖြည့်စွက်လိုကြောင်း တွေ့ရှိရပါတယ်။ ဒီပြဋ္ဌာန်းချက်ကို ဖြည့်စွက်မယ်ဆိုလို့ရှိရင် မုဒိမ်းကျင့်ခံရတဲ့မိန်းမဟာ အသက် ၁၆ နှစ်မပြည့်သေးတဲ့ ကလေးသူငယ်ဖြစ်တာနဲ့တစ်ပြိုင်နက်တည်း တရားခံဟာ သေဒဏ်မလွဲမသွေ ချမှတ်ခံရမှာဖြစ်ပါတယ်။ ငွေဒဏ်ကိုမူတော့ ချမှတ်လိုကချမှတ်နိုင်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သေဒဏ်ချမှတ်ခြင်းခံရတဲ့ တရားခံအပေါ် ငွေဒဏ်ချမှတ်နိုင်ခွင့်ပြဋ္ဌာန်းထားခြင်းဟာ သင့်လျော်မှုမရှိဘူးလို့ ယူဆပါတယ်။ အကြောင်းကတော့ ဒီလိုငွေဒဏ်ချမှတ်မယ်ဆိုလို့ရှိရင် သေဆုံးပြီးဖြစ်တဲ့တရားခံက ငွေဒဏ်ပေးဆောင်ဖို့မဖြစ်နိုင်သလို အမွေဆက်ခံသူအနေနဲ့ကလည်း ကျခံဖို့မဖြစ်နိုင်ဘူးလို့ တွေ့ရှိရတဲ့အတွက်ကြောင့် ဒီငွေဒဏ်ချမှတ်နိုင်တယ်ဆိုတဲ့အချက်ကိုတော့ ဖြည့်စွက်ဖို့လိုမှာမဟုတ်ဘူးလို့ တင်ပြအပ်ပါတယ်။ ဒီသေဒဏ်နဲ့ပတ်သက်ပြီးတော့လည်း ခုနက တရားလွှတ်တော်ချုပ် တရားသူကြီးလည်းအကျယ်တဝင့်ရှင်းပြသွားပြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ထပ်ပြီတော့ မရှင်းလိုတော့ပါဘူး။ ဒီပြဋ္ဌာန်းချက်အစား ခုနက ပုဒ်မ ၃၇၆ မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ပြဋ္ဌာန်းချက်မျိုးသာ ထည့်သွင်းစဉ်းစားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့သဘောထားကိုသိလိုပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားရုံးချုပ် တရားသူကြီးရဲ့ တင်ပြချက်၊ ဒုတိယရှေ့နေချုပ်ရဲ့ တင်ပြချက်အပေါ်မှာမူတည်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခွင့်ရလို့ရှိရင် ဒီငွေဒဏ်ကိစ္စတို့ စတဲ့ အချက်အလက်များကို ပြင်နိုင်ပါတယ်။ နောက်တစ်ခုက အိန္ဒိယနှင့်ပတ်သက်ရင် အိန္ဒိယမှာမရှိသေးဘူးဆိုပေမယ့် အိန္ဒိယကလည်း ကျွန်တော်တို့လို့ ပြင်ဆင်ဖို့ကြိုးပမ်းနေပါတယ်။ အိန္ဒိယပြည်သူအများစုက ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ သေဒဏ်ပေးဖို့တောင်းဆိုတဲ့ဟာ သူတို့အိန္ဒိယလူ့အဖွဲ့အစည်းမှာ တော်တော်ထိထိရောက်ရောက်လုပ်နေပါတယ်။ ဒါတစ်ချက် ကျွန်တော်တင်ပြလိုပါတယ်။ နောက်တစ်ချက်ကတော့ ဒီဟာဆွေးနွေးဖို့ အခုလည်း လွှတ်တော်ရဲ့သဘောပါလို့ ပြည်ထောင်စုတရားရုံးချုပ် တရားသူကြီးကလည်းပြောထားပါတယ်။ ဒါကြောင့် ဒီတစ်ခါမှာတော့ ကျွန်တော်တစ်ခါမှ ခွင့်မတောင်းပါဘူး။ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ အဆုံးအဖြတ်အတိုင်း လိုက်နာပါတယ်။ ဒီတစ်ခါမှာတော့ စက်ခလုတ်လေးများသုံးပြီးတော့ မဲခွဲပေးပါလို့ လေးစားစွာ ဒုတိယဥက္ကဋ္ဌကြီးကိုတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဲဒီတော့ ဦးသိန်းညွန့်ရဲ့ အပြောလေးအရ ကျွန်တော်တို့ ဥက္ကဋ္ဌမရှိတော့ကိုယ်စားပေါ့။ ဥက္ကဋ္ဌကြီးရဲ့ကိုယ်စား ကျွန်တော်က တာဝန်ယူဆောင်ရွက်ရတာဖြစ်တဲ့အတွက်

အခု ကျွန်တော်ကလည်း အဆိုရှင် ဦးသိန်းညွန့်ကို တစ်ခုမေးချင်ပါတယ်။ ဦးသိန်းညွန့်အခုတင်သွင်းသွားတာ ဥပဒေကြမ်းတစ်ခုလို့ပြောတဲ့အတွက် ဦးသိန်းညွန့်တင်သွင်းတဲ့ဥပဒေကြမ်းဟာ ဘယ်နှစ်ခုပါလဲ။

**ဦးသိန်းညွန့်(သယံဇာတနှင့်ပတ်ဝန်းကျင်)**။ ။ ရာဇသတ်ကြီးကိုပဲ အခြေခံပြီးတော့ ပြောရရင် သတင်းမီဒီယာသမားတွေနဲ့ သက်ဆိုင်တယ်လို့ယူဆတဲ့ ဥပဒေကြမ်းက ၃ ခု၊ နောက်တစ်ခါ မတရားဖမ်းဆီးချုပ်နှောင်မှုနှင့်ပတ်သက်ပြီးတော့ ဟန့်တားနေမှုအတွက် တင်ထားတဲ့ ရာဇသတ်ကြီးပေါ့။ လယ်ယာဥပဒေကြမ်းတစ်ခု၊ ပေါင်းကျွန်တော် ၅ ခုပေးပို့ထားပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဲဒါဆို ဦးသိန်းညွန့်ရဲ့ တင်ထားတဲ့ဥပဒေကြမ်း ၅ ခုရဲ့ခေါင်းစဉ်ကို ဖတ်ပြပါ။

**ဦးသိန်းညွန့်(သယံဇာတနှင့်ပတ်ဝန်းကျင်)**။ ။ ခေါင်းစဉ်ကတော့ ပုဒ်မတွေမှာပဲခြားပါတယ်။ ပုဒ်မ ၁၂၄ (က)၊ ပုဒ်မ ၁၃၀ (ခ)၊ ပုဒ်မ ၃၄၀၊ ပုဒ်မ ၃၇၆ နှင့် ပုဒ်မ ၅၀၀။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါဆိုရင် ဦးသိန်းညွန့်ရဲ့ ဥပဒေကြမ်းက ၅ ခုလို့ဆိုပေမယ့်လို့ ခေါင်းစဉ်က တစ်ခုတည်းဖြစ်နေတယ်။

**ဦးသိန်းညွန့်(သယံဇာတနှင့်ပတ်ဝန်းကျင်)**။ ။ ကျွန်တော်တစ်ခုချင်းပေးပို့တာပါ။ ကျိုးကြောင်းဖော်ပြချက်လည်း ကျွန်တော်တစ်ခုချင်းပေးပို့တာပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။ဒီလိုဆိုရင် ဦးသိန်းညွန့် မတ်တတ်ထနေတာ ဦးသိန်းညွန့် တစ်ယောက်ဖြစ်ပြီး ထိုင်နေတာ ဦးသိန်းညွန့်တစ်ယောက်ဖြစ်သွားပါလိမ့်မယ်။ ဥပဒေကြမ်း ၅ ခုဆိုတာ ခေါင်းစဉ်မတူရင်တော့ ဥပဒေကြမ်းဟာ ၅ ခုဖြစ်သွားနိုင်တယ်။ အခု ဦးသိန်းညွန့်က ၁၈၆၁ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေကိုတင်တာ ဒီခေါင်းစဉ်တစ်ခုတည်းနဲ့ ပုဒ်မလေးကွဲတာနဲ့ပဲ ဥပဒေကြမ်းတစ်ခုဖြစ်ရမယ်ဆိုရင် ကျွန်တော်တို့က ဥပဒေကြမ်းကြီး ၅ ခုဆိုရင် ဒါဆိုရင် မနေ့ကတုန်းက အပိုဒ်လိုက်၊ အပိုဒ်ခွဲအလိုက် လုပ်သွားခဲ့တဲ့ ဥပဒေကြမ်းတွေကျတော့လည်း ပုဒ်မတစ်ခုချင်းအလိုက် ကျွန်တော်တို့က ဥပဒေတစ်ခုစီ ပြဋ္ဌာန်းရမှာဖြစ်နေတယ်။ အခုဒီကနေ့မှာလည်း ပုဒ်မတစ်ခုတည်းပဲ ခွဲပြီးတော့ ကျွန်တော်တို့က တင်ပြပြီးတော့ပဲ ဆုံးဖြတ်ရမယ်ဆိုရင် ကျန်တဲ့နောက်နေ့ဟာတွေပါရှိမယ်။ သောကြာနေ့လည်း ကျွန်တော်တို့ ကငဲ့လို့လည်းမရဘူး။ အကယ်၍ ကျွန်တော့်အနေနဲ့ အခု ပြောချင်တာကတော့ လူတစ်ယောက်က ထမင်းစားတော့ ဟင်း ၅ ခွက်ပါတာနဲ့ ၅ နပ်စားတာမဟုတ်ပါဘူး။ ဓာတ်ဆီဆိုင်မှာ ၅ ဂါလန်ထည့်တာ တစ်ဂါလန်ထည့်လိုက် ပြေစာတစ်ခါဖြတ်လိုက်ဆိုရင် အဓိပ္ပာယ်မရှိဘူးလို့ကျွန်တော်ထင်တယ်။ ဒါ

ကျွန်တော့်ရဲ့ယူဆချက်ပါ။ ကျွန်တော့်ကိုယ်စားလှယ်ကြီးတွေလည်း စဉ်းစားလို့ရပါတယ်။ ခေါင်းစဉ်တစ်ခုတည်းနဲ့ ဒီဥပဒေကြမ်းကြီးတစ်ခုတည်းကိုပဲ ခေါင်းစဉ်နာမည်ခွဲပြီးတော့ ဥပဒေကြမ်း ၅ ခုလို့တပ်လိုက်ကတည်းက နည်းနည်းလေးတော့ တွေသွားတယ်။ ဒါနံပါတ်(၁)အချက်ပါ။ နောက် နံပါတ်(၂)အချက်က အခု ကျွန်တော် ဆရာ ဦးသိန်းညွန့်ကိုမေးချင်ပါတယ်။ ဦးသိန်းညွန့်ကိုယ်တိုင်လည်း တရားရုံးချုပ်ရှေ့နေကြီးတစ်ယောက်ဖြစ်တဲ့အတွက် အခု ကျွန်တော်တို့ လက်ရှိပြဋ္ဌာန်းထားတဲ့ ဥပဒေသည် အင်္ဂလိပ်လိုပြဋ္ဌာန်းထားတဲ့ ဥပဒေလား၊ မြန်မာလို ပြဋ္ဌာန်းထားတဲ့ ဥပဒေလား။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ မြန်မာလိုရေးထားပါတယ်။ အဲဒီလိုပဲ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်တဲ့ရာဇသတ်ကြီးမှာတော့ အင်္ဂလိပ်လို့ရော၊ မြန်မာလိုရောရေးထားပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အင်္ဂလိပ်လို၊ မြန်မာလို ရာဇသတ်ကြီး သူ့ဟာသူ ပြည်ထဲရေးဌာနက ထုတ်တာပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံဘာသာပြန် အသင်းကထုတ်တာပဲဖြစ်ဖြစ် ဒါဟာ ဥပဒေပြဋ္ဌာန်းထားတဲ့ ဥပဒေဖြစ်မဖြစ် ကျွန်တော်က ဒါလေးမေးတာပါ။ ဦးသိန်းညွန့်အနေနဲ့ ကျွန်တော်တို့ သိထားပြီးသား ဦးသိန်းညွန့်ရဲ့ ရှေ့နေကြီးတစ်ယောက်ရဲ့ အတွေ့အကြုံနဲ့ ကျွန်တော်တို့ လက်ရှိဒီကနေ့ကျင့်သုံးနေတဲ့ ပြဋ္ဌာန်းထားတဲ့ဥပဒေမူရင်းသည် အင်္ဂလိပ်လိုလား၊ မြန်မာလို့လား။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဒေါက်တာအေးမောင် ဘာသာပြန်ပြီးတော့ ပြဋ္ဌာန်းထားတဲ့ ရာဇသတ်ကြီးကတော့ မြန်မာလိုဘာသာပြန်ပြထားတာပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဘယ်နှစ်ခုက ဘယ်လွှတ်တော်မှာ ဘယ်လိုအမိန့်နှင့် ပြဋ္ဌာန်းခဲ့တယ်ဆိုတာ ကျွန်တော်ကိုပြောပြပေးပါ။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ အဲဒါကတော့ စာအုပ်မှာတော့ ဒါတရားဝင်ထုတ်ပြန်တာပဲ။ ကျွန်တော်လည်း ဒီစာအုပ်ပါမလာဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါဆို စာအုပ်မှာထုတ်ပြန်တယ်ဆိုရင် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုးထုတ်ပြန်တာကိုပြောဆိုတာလား။ ဒါမှမဟုတ် ဒီလိုပဲ နိုင်ငံတော်နယက အေးချမ်းဖြိုးရဲ့ ဥက္ကဋ္ဌကြီးအနေနဲ့ထုတ်ပြန်တဲ့ ဥပဒေမျိုးကိုပြောတာလား။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ အင်္ဂလိပ်ခေတ်ကထုတ်ပြန်ပေမယ့် ၄၇ ဖွဲ့စည်းပုံမှာရော၊ ၇၄၊ ၄၇ ဖွဲ့စည်းပုံမှာလည်း ဒီဥပဒေတွေကို အစိုးရကကျင့်သုံးတယ်ဆိုတာ အခြေခံဥပဒေရဲ့နောက်ဆက်တွဲဇယားတွေမှာ ဖော်ပြထားပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါပေမယ့်လို့ ကျွန်တော်သိချင်တာက တရားဝင်ဖြစ်ရင် အခုကောင်းပြီ။ အခုတည့်တည့်ကျကျမေးတာက သူတို့ဟာသူတို့ ကျင့်သုံးနေတာ မကျင့်သုံးနေတာ မမေးဘူး။ ဒီဥပဒေကြီးကို ပြင်မယ့်ဥပဒေကြမ်းတစ်ခုဖြစ်တဲ့အတွက် မူရင်းဥပဒေကို ကျွန်တော်တို့က သွတ်သွင်းတော့မယ်။ ဒါကြောင့်မို့လို့ မူရင်းဥပဒေသည် အင်္ဂလိပ်လိုပြဋ္ဌာန်းထားတာဆိုရင် အင်္ဂလိပ်လိုရေးပြီး တင်ပေးမှ ဥပဒေကြမ်းကို ပြဋ္ဌာန်းလို့သွင်းလို့ရမယ်။ မြန်မာလို့ပြင်ပေးတဲ့ဟာဆိုရင် မြန်မာလို့ ကြားထဲကိုထည့်လို့ရမယ်။ မြန်မာလိုရေးထားတဲ့ဟာ အတည်မပြုရသေးတဲ့ ဥပဒေကြီးဖြစ်ခဲ့ရင် ဦးသိန်းညွန့်ပေးခဲ့တဲ့ ဥပဒေကြီးကို ကြိုက်သလောက်ဆွေးနွေးလိုက်ပါ။ အင်မတန် မိုးပျံအောင် ကောင်းသွားပေမယ့်လည်း ဘယ်လိုသွတ်သွင်းမလဲ။ အဲဒါကိုသိချင်လို့မေးတာပါ။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ အဲဒီအချက်အလက်တွေနဲ့ပတ်သက်ပြီးတော့ ရာဇသတ်ကြီးပါ ယူပြီးတော့ ကျွန်တော်ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်တင်ပြပါမယ်။ အဲဒီတော့ လောလောဆယ်အရ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရဲ့ ပြောကြားချက်အရ ကျန်တဲ့ ဥပဒေကြမ်း ၄ ခုကို ကျွန်တော်မဆွေးနွေးတော့ပါဘူး။ နောက်တစ်ခေါက် လွှတ်တော်မှာ ခုနကမေးခွန်းများနှင့်ပတ်သက်ပြီး ခိုင်ခန့်တဲ့အချက်အလက်များကို တင်ပြပြီးမှသာကျွန်တော်ဆွေးနွေးပါမယ်။ ဒါကြောင့် ခုနက တင်ထားတဲ့ ၃၇၆ မှတစ်ပါး ကျန်ဥပဒေကြမ်း ကျန်ရာဇသတ်ကြီးနှင့်ပတ်သက်တဲ့ ၁၂၄ (က)၊ ၁၃၀ (ခ) ပုဒ်မ ၃၄၀၊ ပုဒ်မ ၅၀၀ တို့ကို ပြန်လည်ရုပ်သိမ်းခွင့်ပြုပါလို့ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကို ကျွန်တော်လေးစားစွာတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ၃၇၆ လည်း ဒီထဲမှာအတူတစ်ပါတည်း ပါနေတဲ့အတွက် အားနာပါတယ်။ ကျွန်တော်တို့ အင်မတန် အားလုံးကလည်း အင်မတန်လိုလားပါတယ်။ ဒီဟာမျိုးက ဘာပဲပြောပြော ပြစ်မှုပြစ်ဒဏ်ဆိုတာကတော့ ပြစ်မှုကျူးလွန်တဲ့သူကို ထိုက်သင့်တဲ့ပြစ်ဒဏ်ပေးဖို့ဆိုတာက ဒါ အားလုံးရဲ့ တူညီသော ဆန္ဒပါ။ သူမျှားတိုင်းပြည်မှာဆို ကျွန်တော်တို့ ကြားဖူးသလောက်ကတော့ ပိုတောင် ပြင်းထန်ပါသေးတယ်။ ခိုးတဲ့သူဆိုရင် လက်တောင်ဖြတ်ပစ်သေးတယ်။ ဟိုးတစ်ခါကလည်း အင်တာနက်ထဲမှာလည်းတွေ့လိုက်ပါတယ်။ ကလေးသူငယ်လေးတောင်မှာ ဒါဆို ကျွန်တော်တို့ ဘယ်လိုတောင်စဉ်းစားရမလဲမသိဘူး။ ကလေးလေးကို မော်တော်ကားဘီးနဲ့ကြိတ်တယ်။ ခိုးတဲ့အတွက် ဆိုပြီးတော့ အဲဒီတော့ ဓာတ်ပုံနှင့်တကွပြထားတာကို ကျွန်တော်တို့အနေနဲ့များဆိုရင်တော့ ဒီကလေး လေးကျူးလွန်လိုက်တဲ့ ခိုးမှုလေးကို ဒီမော်တော်ကားဘီးကြီးနဲ့ကြိတ်ရလောက်အောင် ပြစ်ဒဏ်ကြီးမား သလား။ ဘာကြောင့် ခိုးသလဲဆိုတဲ့အကြောင်းအရင်းကိုမရှာတော့ဘဲနဲ့ ခိုးလိုက်တဲ့အတွက်သာ သူ့ကို ကျွန်တော်တို့အပစ်ပေးတယ်ဆိုတဲ့ဟာမျိုးလေးတွေပဲ သူမျှားရဲ့နိုင်ငံတွေမှာ ကျွန်တော်တို့ လေ့လာ

တွေ့ရှိနေရပါတယ်။ သို့သော်လည်းပဲ ကိုယ့်နိုင်ငံမှာလည်းပဲ တစ်ကျောင်းတစ်ဂါထာပါပဲ။ မိမိအရပ်နှင့် မိမိဇာတ်ပဲ။ ကျွန်တော်တို့အနေနဲ့လည်း ထိုက်သင့်တဲ့အပြစ်ဒဏ်ကတော့ ပေးဖို့လိုပါတယ်။ ဒါကြောင့် မို့လို့ ဒီနေရာဆွေးနွေးတဲ့နေရာမှာလည်းပဲ ခုနက ကျွန်တော်တို့ရဲ့ တရားလွှတ်တော်ချုပ်ကရော၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးကရော ကျွန်တော်တို့ကို ဆွေးနွေးပေးသွားပြီးပါပြီ။ ဒါကြောင့်မို့လို့ ဒီဟာနဲ့ပတ်သက်လို့ ဆွေးနွေးပြီးလို့ရလာခဲ့ရင် ခုနက ကိုယ်စားလှယ်တော်ကြီး ပြန်ရုပ်သိမ်းသွားတဲ့ ဥပဒေ ၄ ခုကဲ့သို့ပဲ သူကလည်းပဲ ဒီဟာ ဥပဒေကြီးဖြစ်ခဲ့ရင် ဦးသိန်းညွန့် ကျွန်တော်ကို ပြန်လည်ပြီး တော့ ဒီလွှတ်တော်ကိုမတင်ပြမီစပ်ကြားမှာ ကျွန်တော်ကြားထဲမှာ ညှပ်ဖို့အတွက်ကို ဘယ်ဥပဒေကို ကျွန်တော်က သွားပြီးတော့ပြင်မလဲဆိုတဲ့ဟာ အတိအကျလိုပါတယ်။ ဒါကြောင့်မို့လို့ မြန်မာလို ပြဋ္ဌာန်း ထားတဲ့ ဥပဒေဆိုရင်လည်း မြန်မာလို ပြဋ္ဌာန်းထားတဲ့ ဥပဒေကို ကျွန်တော်တို့ပြင်ဆင်ပါမယ်။ အင်္ဂလိပ်လို့ပြဋ္ဌာန်းထားတဲ့ဥပဒေဆိုရင်လည်း ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့်အနေနဲ့ အင်္ဂလိပ်လို လေးပြန်ပြင်ဆင်ရေးသားပြီးတော့ ပြန်ပေးပါ။ အဲဒါဆိုရင် ကျွန်တော်တို့အနေနဲ့ ဒါဆက်ဆွေးနွေးလို့ သင့်ပါတယ်။ အခုတော့ ကျွန်တော်တို့က ဆွေးနွေးလို့ရှေ့ရောက်သွားပြီးမှ နောက်ပြန်လှည့်ပြီး သွားရမယ်ဆိုရင် ကျွန်တော်တို့တွေရဲ့ အချိန်တွေလည်း အလဟဿအချည်းအနှီးဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ဦးသိန်းညွန့်ကိုဆွေးနွေးတာပါ။ ၁၇၆ လည်း ဒီအတိုင်းပဲဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်ကတော့ ကာယကံရှင်ဖြစ်တဲ့ ဦးသိန်းညွန့်ကို အခွင့်အရေးတောင်းတာပါ။ ဦးသိန်းညွန့်အနေနဲ့ပဲဆုံးဖြတ်တာကတော့ ပိုပြီးတော့လှပပါတယ်။ ဒါကြောင့် ခုနက ဥပဒေကြမ်း ၄ ခု လို့ပြောခဲ့တဲ့ ပုဒ်မ ၄ ခုကဲ့သို့ ပုဒ်မ ၁၇၆ ဆိုတဲ့ဥပဒေကြမ်းတစ်ခုကလည်းပဲ တကယ်တော့ တစ်ပေါင်း တစ်စည်းတည်းပဲ ဥပဒေတစ်ခုတည်းက လာနေတာဖြစ်တဲ့အတွက် တစ်ပေါင်းတစ်စည်းတည်းပဲ ဖြစ်သင့်တယ်လို့ ကျွန်တော်ကတော့ ဦးသိန်းညွန့်ကို ပြောလိုပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရာဇသတ်ကြီးဥပဒေကိုပြင်ဆင်သည့် ဥပဒေနှင့်စပ်လျဉ်းပြီးတော့ လွှတ်တော်ကိုတင်တဲ့အခါမှာ မူရင်းပြဋ္ဌာန်းချက် ပြင်ဆင်ရန်ပြဋ္ဌာန်းချက် အားလုံးဟာ မြန်မာလိုပဲတင်ခဲ့ပါတယ်။ သို့သော် ဒီနေ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌရဲ့တင်ပြချက် အပေါ်မှာရော ဒီ ၅ ခုလုံးဟာတစ်ပေါင်းတည်းဖြစ်တဲ့အတွက် လောလောဆယ်ဆယ်မှာ ဒီသတ္တမ အကြိမ်မှာ ကျွန်တော်ပြန်လည်ပြီးတော့ ယာယီရုပ်သိမ်းတာပါပဲ။ နောက်လာမယ့် လွှတ်တော်မှာ ကျွန်တော်တင်ပြမှာပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျေးဇူးတင်ပါတယ်။ ဒါဆိုဘာမှဆက်ပြီးတော့ မဲခွဲစရာလည်း မလိုတော့ဘူးပေါ့။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင် ဦးသိန်းညွန့်တင်သွင်းတဲ့ ၁၈၆၁ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကိုပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန် သင့်/မသင့်ကိုဆုံးဖြတ်ဖို့အတွက် မလိုတော့ဘဲနဲ့ ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့်ရဲ့အဆိုပြုချက်အတိုင်း ပြန်လည်ရုပ်သိမ်းခြင်းကိုလက်ခံလိုက်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဌမနေ့ရုပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ကိုရုပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့နဝမနေ့ကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာပါ့မယ်။ (ဩဘာသံများ)

**အချိန် ၁၃း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၃း၂၀ နာရီ အချိန်တွင်ရုပ်နားပါသည်။]